www.burmeseclassic.com

# ပွဲစား

အချစ် ၊ ကျွန်တော်တို့ ၊ ရင်ခုန်စရာ ၊ အကျိုးဆောင်ပေးသည်



GRAPHIC DESIGNED BY YuWa

www.burmeseclassic.com

ww.burmeseclassic.com

#၃

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၀၆၄၀၇၀၈ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၁၀၃၈၀၈၀၈ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ စက်တင်ဘာလ၊ ၂၀၀၈ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်ခိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ယုဝ

■ ကွန်ပျူတာစာစီ – မမိုး

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

# လူငယ်

အချစ် ၊ ကျွန်တော်တို့ ၊ ရင်ခုန်မှု ၊ အကျိုးဆောင်ပေးသည်



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်တုန်းက တက္ကသိုလ်တစ်ခုမှာ
အချစ်ကိစ္စနဲ့ ပတ်သက်ပြီး ဝန်ဆောင်မှုတွေလုပ်ပေးတဲ့
အဖွဲ့တစ်ဖွဲ့ရှိခဲ့ဖူးပါတယ်။

သိပ်လျှို့ဝှက်တဲ့အဖွဲ့ဖြစ်ပြီး
အဲဒီအဖွဲ့ထဲမှာ မည်သူတွေပါတယ်ဆိုတာ
ကျောင်းမှာ
ဘယ်သူမှ မသိပါဘူး. . .။
ဒါဆို
သူတို့တွေက ဘယ်လိုဝန်ဆောင်မှုတွေပေးသလဲ. . .။
ကဲ. . . ဒီလိုပါ။
သင်ဟာ ကောင်မလေးတစ်ယောက်ကိုကြိုက်နေပြီဆိုပါစို့။
ကောင်မလေးရဲ့ အချစ်ကို ရဖို့အတွက်
အဲဒီအဖွဲ့ရဲ့ အကူအညီကိုလိုနေပါပြီလို့
ကျောင်းမှာ သတင်းလွှင့်လိုက်. . .။

သင့်ကို သူတို့တွေက တိတ်တဆိတ်ကူညီသွားပါလိမ့်မယ်. . .။
သင်ရော. . .
သင်ကြိုက်တဲ့ ကောင်မလေးရော. . .
ရင်ခုန်စရာလေးတွေနဲ့ပေါ့. . .။

www.burmeseclassic.com

ww.burmeseclassic.com

[၁]

မေဂျာတစ်ခုရှိ ကြော်ငြာသင်ပုန်းရှေ့တွင် ကျောင်းသား၊ ကျောင်းသူများ စုပြုံနေကြသည်။

ကြော်ငြာသင်ပုန်းရှိ စာများအား စိတ်ဝင်စားစွာ ဖတ်နေကြခြင်း ဖြစ်သည်။ ဘာစာတွေမို့ ဒီလောက်တောင် စိတ်ဝင်စားနေကြတာလဲ။

ထိုစဉ် လွန်စွာလှပသော ကောင်မလေးတစ်ယောက်သည် ကြော်ငြာသင်ပုန်းရှေ့သို့ ရောက်လာ၏။

"ဟင်"

အံ့ဩမှင်သက်မှုနှင့်အတူ ကြော်ငြာသင်ပုန်းအား ကြည့်နေမိ၏။

*'ယမင်းညို့' စာအား ချစ်သော ကျောင်းသားများခင်ဗျား . . .*

*ယခုအချိန်မှစ၍ ကျွန်တော်တို့ စာချစ်သူဖွဲ့မှ ယမင်းညိုနှင့် ပတ်သက်သော စာများအား လက်ခံဆောင်ရွက်ပေးတော့မည်ဖြစ်ပါသည်။*

*သို့ဖြစ်ပါ၍ ကျွန်တော်တို့ စာချစ်သူဖွဲ့မှ ယမင်းညိုနှင့်ပတ်သက်သော စာများအား ဘောလုံးကွင်းလမ်းရှိ သူမနှင့် သက်ဆိုင်ရာစာတိုက်ပုံးတွင် ထည့်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။*

*မှ*

*စာချစ်သူဖွဲ့*

www.burmeseclassic.com

ww.burmeseclassic.com

[၂]

*'ကြည်ဖြူလင်းဆို' နှင့် သက်ဆိုင်သော ကျောင်းသားများသို့ . . .*

*ကျွန်တော်တို့သည် သူမနှင့်ပတ်သက်သော အချစ်စာများအား လက်ဆောင်ရွက်ပေးတော့မည် ဖြစ်ပါသည်။*

*သို့ဖြစ်ပါ၍ သူမနှင့် ပတ်သက်သော စာများအား ဘောလုံးကွင်းလေး ရှိ သူမနှင့် သက်ဆိုင်ရာစာတိုက်ပုံးတွင် ထည့်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။*

*မှ*

*အချစ်အဖွဲ့*

အထက်ပါစာအားဖတ်နေသော ကျောင်းသား၊ ကျောင်းသူများထဲမှ လှပသော ကျောင်းသူလေးတစ်ယောက် တိုးထွက်လာ၏။

အပြင်တွင်ရှိနေသော သူ့သူငယ်ချင်းအား လှမ်းပြောလိုက်၏

"အချစ်အဖွဲ့ကတော့ ငါ့ကို အသစ်အဆန်းတွေ ပေးပြီပြီ"

■

www.burmeseclassic.com

www.burmeseclassic.com

## [၃]

*နေခြည်ဝိုင်း၏ ကျောင်းသားများခင်ဗျား . . .*

*နေခြည်ဝိုင်းနှင့် ပတ်သက်သော စာများအား ဘောလုံးကွင်းလေးရှိ သူမနှင့်သက်ဆိုင်သော စာတိုက်ပုံးတွင် ထည့်သွင်းနိုင်ကြောင်း အသိပေးအပ်ပါသည်။*

*ပုံ*

*အချစ်အဖွဲ့*

"ဝိုင်"

"ဟင်"

"ဘယ်လိုလဲ"

"နင်က ဘာကိုပြောတာလဲ"

"ရင်ခုန်နေလားလို့ပါ"

သူမသည် သက်ပြင်းတိုးတိတ်စွာ ချမိ၏။

ကြော်ငြာသင်ပုန်းတွင် ရေးထားသောစာအား နောက်တစ်ကြိမ် ထပ်ဖတ်၏။

■

ww.burmeseclassic.com

[၄]

ထိုအချိန်မှစ၍ ကျောင်းဘောလုံးကွင်းဘေးရှိလမ်းတွင် သပ်သပ်ရပ်ရပ်ပြုလုပ်ထားသော စာတိုက်ပုံးသုံးခုအား ထောင်ထားသည်ကို တွေ့ရလေ၏။

ကျောင်းသားတို့ကလည်း ကိုယ်နှစ်သက်ရာ စာတိုက်ပုံးတွင် စာများ ထည့်ကြ၏။

ယမင်းညို့
ကြည်ဖြူလင်းမို့
နေခြည်ဝိုင်

ဤသည်မှာ လွန်စွာစိတ်ဝင်စားဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုဖြစ်လာဖို့အတွက် အစပင်ဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

[၅]

ကျောင်း၏ကင်းတင်းတစ်ခုတွင် ကျောင်းသူသုံးယောက်သည် ကိတ်တဆိတ် ထိုင်နေကြ၏။

အချိန်အတန်ကြာသည်အထိ တစ်ဦးကိုတစ်ဦး စကားမပြော မိကြချေ။

"ယမင်း"

ကျောင်းသူတစ်ယောက်က စပြောသည်။

ယမင်းညို့က သူ့ကိုခေါ်သော ကျောင်းသူအားကြည့်ရင်း

"ဘာပြောမလို့လဲ ကြည်ဖြူ"

"နင့်ကို အချစ်အဖွဲ့က စာတိုက်ပုံးထဲက စာတွေ ဘယ်လိုပို့ လဲလို့"

"နည်းလမ်းမျိုးစုံပါပဲဟယ်။ တစ်နည်းမဟုတ် တစ်နည်းနဲ့တော့ ငါ့ဆီ စာတွေ ရောက်အောင်ပို့ပေးတယ်"

"သူတို့ကိုရော တွေ့လိုက်မိလား"

"ဘယ်တွေ့မှာလဲ သူတို့က ငါမသိအောင်လုပ်ကြတာပဲ တစ်ကျောင်းလုံးကလည်း အချစ်အဖွဲ့ဆိုတာ ဘယ်သူတွေလဲမှ မသိ ကြတာ"

www.burmeseclassic.com

www.burmeseclassic.com



သူမနှင့်အတူထိုင်နေသော နေခြည်ပိုင်မှာ သက်ပြင်းတိုးတိတ်စွာချ၏။

"ငါတို့လည်း နင့်အတိုင်းပါပဲ ယမင်းရယ်"

"ဒါပေမဲ့ သူတို့နည်းလမ်းတွေက စိတ်ဝင်စားဖို့ကောင်းတယ်နော်"

"အင်း. . . အဲဒါတော့ ငါလည်းလက်ခံတယ်"

"ဟိုတစ်နေ့ကပဲ ကြည့်ပါလား၊ သူတို့က ငါမထင်မှတ်ထားတဲ့ အချိန်မှာ စာတွေလာပေးသွားတယ်"

ကြည်ဖြူလင်းမို့ စကားကို ကျွန်နှစ်ယောက်က စိတ်ဝင်စားသွားသည်။

"ပြောပါဦး၊ ဘယ်လိုလာပေးသွားတာလဲ"

"သူတို့က ငါ့ကို နှစ်ရက်ခြား၊ သုံးရက်ခြား ဆိုသလို စာတွေပို့ပေးလေ့ရှိတယ်"

"အင်း"

ကြည်ဖြူလင်းမို့က တစ်နေ့က အဖြစ်အပျက်ကို ပြန်လည်ပြောပြ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၆]

အချစ်အဖွဲ့က သူမကို စာတွေ မပို့ပေးသည်မှာ နှစ်ရက်လောက် ရှိတော့မည်။ စာတွေကို ငမ်းငမ်းတက်လိုချင်၍မဟုတ်။ သူတို့ပို့ပေးမည့် နည်းလမ်းလေးတွေကို သိချင်၍ဖြစ်သည်။

အတန်းချိန်ပြီးတော့ သူမသူငယ်ချင်းနှင့်အတူ ကင်တင်းသို့ထွက်ခဲ့၏။

"ထမင်းကြော်တစ်ပွဲပေးပါ"

အချင်းချင်း သူမှာ ကိုယ်မှာနှင့် အသံများရောထွေးသွားကြသည်။

ခဏကြာတော့ မှာထားသော စားစရာများလာချပေး၏။

"ဟဲ့. . . အချစ်အဖွဲ့က ဒီနေ့စာများပေးမလား မသိဘူးနော်"

"မပြောတတ်ပါဘူးဟယ်"

သူမက တကယ်မသိ၍ မသိဘူးဟု ပြောလိုက်ခြင်းဖြစ်သည်။

"ဒီနေ့တော့ သတိထားနော် ကြည့်ဖြို"

"ဘာဖြစ်လို့လဲ"

"ဩော်. . . လာများပေးရင် သူတို့ ဘယ်သူတွေလဲဆိုတာ

www.burmeseclassic.com

ww.burmeseclassic.com



မှတ်ထားဖို့ပါ''

''ဪ. . . မှတ်ဖို့နေနေသာသာ အရိပ်တောင် အခုထိ မတွေ့ရသေးဘူး၊ ကဲ. . . ကဲ စားလိုက်ဦး၊ အေးသွားဦးမယ်''

သူမတို့ စတင်စားကြ၏။

ခဏကြာတော့ သူမစားနေသည့် ထမင်းကြော်ပန်းကန်မှာ တစ်မျိုးဖြစ်နေသည်ဟု ခံစားလာရသည်။

ခိုးလိုးခုလုလိုလို ဘာလိုလိုနှင့် ဖြစ်နေသည်။ သူမ၏ ပန်းကန်ကို မြှောက်ကြည့်လိုက်၏။

''ဟင်''

စာတစ်စောင်အား ပန်းကန်အောက်ခြေတွင် ကပ်ထားသည်ကို တွေ့ရ၏။

စာအိတ်ပေါ်တွင် 1-3 ဟု ရေးထား၏။ ဒီလိုဆို အချစ်အဖွဲ့က သူမကို စာသုံးစောင်ပေးစရာရှိသည်ပေါ့။

သူမ ဖြတ်ခနဲ သတိရလိုက်၏။

''မောင်လေး. . . ခဏလောက်''

စားပွဲထိုးကောင်လေးအား လှမ်းခေါ်လိုက်သည်။

ကောင်လေးရောက်လာတော့

''ဒါ. . . မောင်လေး လာပို့ပေးတာလား''

သူ့သူငယ်ချင်းများမှာ သူနှင့် စားပွဲထိုးကိုသာ ငေးစိုက်ကြည့်နေသည်။

''ဗျာ. . . ဟုတ်ကဲ့၊ ဘာဖြစ်လို့လဲဟင်''

စားပွဲထိုးကောင်လေးမှာ စိုးရိမ်တကြီးပုံစံဖြင့် ပြန်မေးရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီပန်းကန် အစ်မဆီလာပေးတဲ့အခါမှာ ဘယ်သူနဲ့ တွေ့သေးလဲ"

ကောင်လေးက သူမ၏အမေးကို အူကြောင်ကြောင်ဖြစ်သွားပုံရသည်။

"ဪ. . . ဒီစားစရာလာချတဲ့အခါ ဘာများဖြစ်သေးလဲလို့"

"ဟို. . . အစ်ကိုကြီးတစ်ယောက်က မီးခြစ်ခဏယူပေးဆိုပြီး. . ."

"ဒီပန်းကန်ကို ခဏကိုင်ထားပေးသွားတယ်ဆိုပါတော့"

"ဟုတ်. . . ဟုတ်ကဲ့"

ကောင်လေးကို ဆက်မေးနေလျှင်လည်း ဘာမှ သိမှာမဟုတ်သောကြောင့် ဆက်မမေးတော့ချေ။

ထိုစဉ် သူငယ်ချင်းက. . .

"နင်ပြောပုံအရဆိုရင် ဒီနေ့အဖို့ နောက်ထပ်နှစ်စောင်ပေးဖို့ကျန်သေးတာပေါ့"

"အင်း"

သူမက ပျင်းတိပျင်းရွဲ ပြန်ဖြေလိုက်သည်။

ဤသို့ဖြင့် သူမတို့အခန်းထဲပြန်ရောက်သောအခါ ဖြစ်ရပ်တစ်ခုက ဆီးကြိုနေလေသည်။

စာသင်ခန်း၏ Black board ပေါ်တွင် မည်သူရေးသွားမှန်းမသိသော ကဗျာတစ်ပုဒ်ကို အတန်းသားများက ဝိုင်းဖတ်နေကြ၏။

ကဗျာမှာ အနည်းငယ်ထူးဆန်းသည်ဟု ထင်ရ၏။

ကဗျာ၏အမည်မှာ 'ဒုတိယမြောက်ပန်း' ဟူ၍ ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အလွမ်းနဲ့ လုပ်ထားတဲ့
အခန်းထောင့်မှာ
ပန်းအချို့ သီထားပါတယ်
စာစီပြီး ပြောချင်ပေမယ့်
ဆရာသိပြီး ဆူမှာစိုးတာကြောင့်
မင်းအတွက်ပန်းကို
ထောင့်တိုင်းမှာ ရှာကြည့်ပါ. . .။

သူမ အနည်းငယ်ရင်ခုန်သွား၏။ ဒါ သူမကို အချစ်အဖွဲ့က ရေးထားတာလား။

ချက်ချင်းပင် အခန်းထောင့်တိုင်း၏ ထိုင်ခုံများပေါ်တွင် စာကို ရှာကြည့်၏။ ထိုခုံများမှ ကျောင်းသူများပင် ဘာရှာတာလဲဟု ဝိုင်းမေးကြ၏။

"ဟူး"

သူမ မောသွား၏။ မတွေ့. . .။

ကဗျာကို ထပ်ဖတ်ကြည့်မိ၏။ သေချာပါသည်။ ဤကဗျာမှာ သူမအတွက်ပင် ဖြစ်ပေလိမ့်မည်။

ရုတ်တရက်ဆိုသလိုပင် သူမ တစ်စုံတစ်ခုသွားသတိရသည်။ ထမင်းကြော်ပန်းကန်ရဲ့အောက်ခြေ. . .။

ချက်ချင်းပင် အခန်းထောင့်တိုင်း၏ ခုံတန်းရှည်များ အောက်ခြေနေရာများသို့ ရှာကြည့်လိုက်၏။

တွေ့ပါပြီ. . .။ 2-3 စာတစ်စောင်။

နောက်ဆုံးစာမှာ အတန်းဆင်းပြီးသည့် အချိန်ထိ သူမထံသို့ ရောက်မလာခဲ့ပါ။

www.burmeseclassic.com

ww.burmeseclassic.com


ဘယ်လိုရောက်လာမလဲဟူသော စိုးရိမ်စိတ်နှင့်အတူ စာကို ပင် ဖြောင့်ဖြောင့်တန်းတန်း မသင်နိုင်။

အတန်းဆင်းသွားပြီဖြစ်သည်။

ဖယ်ရီကွင်းရှိရာသို့ အသွားတွင် သူမနောက်မှာ မည်သူများ ပါလာမလဲဟူသော စိုးရိမ်စိတ်နှင့်အတူ ဟိုကြည့် ဒီကြည့်နှင့်ဖြစ်နေမိ၏။ ကျောင်းဆောင်များ၏ စင်္ကြံများမှာလည်း လူများပြည့်ကျပ်တိုးနေတာကြောင့် ဖယ်ရီကွင်းရှိရာသို့ပင် မနည်းသွားရသည်။

ဘာမှ မထူးခြားစွာနဲ့ပဲ အိမ်သို့ ပြန်ရောက်လာခဲ့၏။

အိမ်အရောက်တွင် သူမအမေပြောစကားကြောင့် သူမ၏ နောက်ဆုံးစာကို တွေ့ရလေတော့၏။

"သမီးကြည့်ဖြူ၊ နင့်ကျောမှာ ဘာကြီးလဲ"

"ဟင်. . . ဘာလဲ အမေ"

"သမီးကျောမှာ"

သူမ၏နောက်ကျောကို ကမန်းကတန်းစမ်းကြည့်လိုက်ရ၏။ ကျောကို စာတစ်စောင်အား တိတ်နှင့်ကပ်သွားခြင်းဖြစ်သည်။ စာပေါ်တွင် 3-3 ဟု ရေးထား၏။

သူမ ပြုံးလိုက်မိ၏။

သူတို့ ဘယ်အချိန်တုန်းက လာကပ်သွားတာလဲ?

■

www.burmeseclassic.com

ww.burmeseclassic.com

# [၇]

"သူတို့ ဘယ်သူလဲဆိုတာ ငါသိချင်တယ်"

နေခြည်ပိုင်၏စကားကြောင့် သူမတို့အားလုံး ထိတ်လန့်သွားကြသည်။

သူမပြောလိုက်သောစကားသည် တစ်ကျောင်းလုံးစိတ်ဝင်စားသော အကြောင်းအရာဖြစ်သည်။

"နေခြည်ရယ် . . . ငါတို့လည်း သိချင်တာပေါ့"

ယမင်းက နေခြည့်စကားကို ထောက်ခံသည်။

ကြည်ဖြူကတော့ တိတ်ဆိတ်လျှက်။

"ဒါဆို . . . ငါတို့တွေ သူတို့ကို ရှာရအောင်"

"ဘာ"

ယမင်း၏ အံ့သြသံ . . ။

ကြည်ဖြူ၏ တွေဝေသောအကြည့်တွေက နေခြည်ပိုင်ထံသို့ ရောက်သွားသည်။

"ငါတို့ ဒီအတိုင်းနေလို့ ဘယ်လိုလုပ်သိရမှာလဲ"

"နင် ဘယ်လိုလုပ်မယ် စိတ်ကူးထားလို့လဲ"

www.burmeseclassic.com

ww.burmeseclassic.com



"ငါစိတ်ကူးထားတာ တစ်ခုတော့ရှိတယ်"

"ဘာလဲ"

နေခြည့်စကားကို စိတ်ဝင်စားသွားကြသည်။

"သူတို့က သူတို့အဖွဲ့ကို အကူအညီတောင်းရင် အကူအညီပေးတယ်မှတ်လား"

"အင်းလေ"

"ဒီတော့ ငါတို့လည်း သူတို့ကို အကူအညီတောင်းရမှာပေါ့"

"နင်က ဘာအကူအညီတောင်းမှာလဲ"

"ငါတို့သုံးယောက်က ကောင်လေးတစ်ယောက်ကို ကြိုက်နေပါတယ်လို့ပေါ့"

"ဟင်"

"အို"

မထင်မှတ်ထားသော အကြောင်းအရာဖြစ်သည်။

"ဖြစ် . . . ဖြစ်ပါ့မလား"

ယမင်းက စိုးရိမ်တကြီး ဝင်မေး၏။

"ဘာလို့ မဖြစ်ရမှာလဲ၊ ငါတို့ သုံးယောက်စလုံးကို သူတို့က ကူညီမှာပါ။ တစ်ခုရှိတာက ငါတို့သုံးယောက်ဟာ ဘယ်သူ့ကို ပစ်မှတ်ထားရမလဲ ဆိုတာပါပဲ"

"နည်းနည်းတော့ ခက်မယ်ထင်တယ်နော်"

ကြည်ဖြူက ဝင်ပြော၏။

"နင်ထင်သလောက်လဲ မခက်ပါဘူး ကြည်ဖြူရယ်၊ ငါတို့က ကောင်လေးတစ်ယောက်ကို ကြိုက်နေပါတယ်။ တစ်ယောက်ယောက်နဲ့ အဆင်ပြေအောင်လုပ်ပေးပါလို့ သတင်းလွှင့်လိုက်ရင် သူတို့က မဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင်ကူညီမှာပဲလေ. . . မဟုတ်ဘူးလား''

"ဒီတော့. . ."

"ဒီတော့မှ သူတို့ ဘယ်သူလဲ သိအောင်ကြိုးစားရမှာပေါ့"

''ဒါနဲ့ ငါတို့က ဘယ်သူ့ကိုရွေးမှာလဲ''

''အဲ. . . ဒါကတော့ နည်းနည်းစဉ်းစားရမယ်။ တစ်အချက်က အဲဒီငါတို့ရွေးလိုက်တဲ့ ကောင်းလေးဟာ ရိုးသားရမယ်။ ဆိုလိုတာက အူကြောင်ကြောင်ဖြစ်ရင် ပိုကောင်းတာပေါ့''

"အင်း''

''နှစ်အချက်က ငါတို့ ဘာရည်ရွယ်ချက်နဲ့ လုပ်နေတယ်ဆိုတာ ငါတို့သုံးယောက်မှလွဲ၍ ဘယ်သူမှမသိစေရဘူး''

"ဟုတ်ပြီ''

''သုံးအချက်က မိန်းကလေးအိမ်ခြွေမပဲ့စေရဘူး''

"ကောင်းတယ်. . . နေခြည်''

''ဒါဆို နင်တို့သဘောတူလား''

"တူပါတယ်''

အသံပြိုင်တူထွက်လာကြသည်။

''ဟုတ်ပြီ. . . ဒါဆို ဘယ်သူ့ကိုရွေးမလဲဆိုတာပဲ စဉ်းစားရတော့မယ်''

"အင်း. . . ဟုတ်တယ်''

အချိန်အနည်းငယ်ကြာသွားသည်အထိ စဉ်းစားလို့မရ ဖြစ်နေသည်။

"ဓာတုက တိုးဇေယျာရော''

ကြည်ဖြူက ပြောသည်။

www.burmeseclassic.com

ww.burmeseclassic.com



"ဟာ. . . မကောင်းပါဘူးဟယ်၊ သူက မြောက်ကြွမြောက်ကြွ နဲ့ ငါတို့က ကြိုက်တယ်လို့ပြောလုက်မှ ခွာမရဘဲ ကပ်နေရင်ဒုက္ခ"

"အင်း. . . ဒါလည်း ဟုတ်တာပဲ"

"အာကာဟိန်းရော"

"အမြင်ကတ်တယ်"

နေခြည်ဝိုင်က နှာခေါင်းရှုံ့မဲ့ ရှုံ့မဲ့နှင့် ဝင်ပြောသည်။

"အောင်သူဟုတ်ရော"

"သူက ရိုးတယ်လို့သာပြောတာ၊ နည်းနည်းပွေတယ်လို့ ကြား တယ်"

ဒီလိုနှင့် ဘယ်သူ့ကို ဦးတည်ထားရမလဲ ဝေခွဲမရဖြစ်နေသည်။ နောက်ထပ်စဉ်းစားရတာနဲ့တင် ငါးမိနစ်ထပ်ကြာသွားသည်။ ထိုစဉ် ကင်းတင်းထဲသို့ ကျောင်းသားတစ်ယောက်ဝင်လာတာ တွေ့သွားပြီး . . .

"ကံသာ ဆိုရင်ရော"

ယမင်း၏အပြောကြောင့် ကျန်နှစ်ယောက်က ဝင်လာသော ကျောင်းသားကို ကြည့်လိုက်ပြီးနောက် . . .

"အင်း. . . ငါတို့ သူ့ကိုမေ့နေတယ်"

"သူက ရိုးလည်း ရိုးတယ်။ ခင်လည်း ခင်ဖို့ကောင်းတယ်"

အားလုံးက ထောက်ခံကြသည်။

"ဒါဆို ငါတို့သုံးယောက်က ကံသာကို ကြိုက်နေပါတယ်ဆို သတင်းလွှင့်လိုက်တော့မယ်"

"ကောင်းတယ်"

■

www.burmeseclassic.com

www.burmeseclassic.com

[၈]

ဒီနေ့ကျောင်းကို လာကတည်းက တစ်ခုခုလွဲနေသည်ဟု ခံစားလာရသည်။

အရင်တုန်းက ဂရုမစိုက်ခဲ့သော သူ့ကို အခုလူတော်တော်များများက ကွက်ကြည့် ကွက်ကြည့်နှင့် ကြည့်နေကြ၏။

သူ့ဘာများ မှားနေပါလိမ့်. . .။ ကျောကုန်း၊ တင်ပါးနှင့် အခြားနေရာများကို စမ်းကြည့်၏။ ဘယ်သူမှလည်း ငါတို့ စာတွေ မကပ်ထားပါဘူး. . .။

ကျောင်းအခန်းထဲကိုဝင်တော့ သူငယ်ချင်းတစ်ဦးက လာနှုတ်ဆက်သည်။

"ကံသာ. . . ဂုဏ်ယူပါတယ်ကွာ"

"ဟုတ်ကဲ့"

နှုတ်သာ နှုတ်ဆက်လိုက်ရသည်။ ဘာမှန်းမသိ။

သူ့သူငယ်ချင်းမိုးကြီးဆီရောက်တော့မှ . . .

"မိုးကြီး. . . ငါဒီနေ့ ဘာဖြစ်နေလဲဟင်"

မိုးကြီးကို ကံသာက မော်ဒယ်ရှိုးပတ်ပြသလို ပတ်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကြည်ဖြူလင်းမို့၊ ယမင်းညို့နဲ့ နေခြည်ဝိုင်က ကြိုက်လို့တဲ့"

"ဟာ. . . မဖြစ်နိုင်တာ"

သူ အတင်းငြင်းလိုက်ရသည်။ ဒီကောင်ပိုက်ဆံမရှိတော့ဘူး ထင်တယ်။ မြှောက်ပြီဆိုရင် မယုံရဘူးလေ။

"ငါတကယ်ပြောတာ ကံသာ၊ အခုတောင် သူတို့က အခန်းအဖွဲ့ကို အကူအညီတောင်းထားတယ်"

"ဟင်"

မိုးကြီးမှာ အတည်ပေါက်နှင့် သူ့ကိုပြောနေ၏။

သူ့မှာ ကြောင်တောင်တောင်ဖြစ်သွားသည်။ ကျောင်း၏အထ ဆုံးကောင်မလေးသုံးယောက်က သူ့ကိုကြိုက်လို့တဲ့။ မဖြစ်နိုင်တာ။

"မိုးကြီးရယ် မြှောက်ရင်လည်း ကျန်တာမြှောက်ပါ။ ဒီကိစ္စ ကိုတော့ မပြောပါနဲ့"

"ဟုတ်တယ် ကံသာ၊ ဒီသတင်းက ကျောင်းထဲမှာ ပျံ့နေပြီ"

ဘေးနားက သူငယ်ချင်းက ကံသာကို ဝင်ပြော၏။

ကံသာ တွေဝေသွားသည်။ ပြီး လန့်လည်းလန့်သွား၏။

"ဟုတ်လို့လား"

"ဩော်. . . ဟုတ်ပါတယ်ဆိုနေမှ"

"ဟာ. . . ဒါဆို. . . မ. . . မဖြစ်ဘူး"

"ဟ. . . ဘာလို့မဖြစ်ရမှာလဲ။ မင်းက တစ်ယောက်ယောက် ကို ရွေးလိုက်ပေါ့"

"မဟုတ်ဘူး၊ ငါ. . . ငါ ကြောက်တယ်ကွ"

"ကံသာရယ်၊ နေရာချင်းသာလဲလိုက်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မိုးကြီးက အားမလို အားမရ အသံဖြင့် ပြော၏။

"မင်း ဘယ်လိုလုပ်မလဲ. . .ကံသာ"

သူငယ်ချင်းတစ်ယောက်က ဝင်မေးသည်။

"ဘာ. . .ဘာ. . .လုပ်ရမှာလဲကွ၊ ငါက အနေသာကြီးပဲ၊ ငါ. . .ငါမှမကြိုက်တာ"

သူ တုန်လှုပ်စွာနဲ့ ဖြေလိုက်၏။ တကယ်လည်း သူစိတ်မဝင်စားပါ။

ပြီး. . .မယုံလည်း မယုံရဲသေး။

"အေးပါ. . .ထားလိုက်ပါတော့၊ မင်းကိစ္စကို အချစ်အဖွဲ့က လုပ်သွားပါလိမ့်မယ်။ မင်းသာကြည့်နေတော့ ကံသာရေ"

သူငယ်ချင်းက ပြန်လှည့်သွားသည်။

မိုးကြီးက သက်ပြင်းချ၏။

သူက ဘာကိုယုံလို့ ယုံရမှန်း မသိဘဲ၊ ဟိုငေး ဒီငေးနှင့် ကျန်ခဲ့သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

[၉]

အခန်းလွတ်တစ်ခုထဲတွင် ဖြစ်သည်။

ကောင်လေးသုံးယောက်သည် တစ်ယောက်တစ်နေရာစီထိုင်ရင်း အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြ၏။

"ဘယ်လိုလုပ်ကြမလဲ"

ကောင်လေးတစ်ယောက်က စမေးသည်။

"ဘာကိုလဲ"

"ဟို သုံးယောက်ကိုလေ"

"အင်း. . . သူတို့က အကူအညီတောင်းတယ်ဆိုတော့လည်း ကူညီရတော့မှာပေါ့"

"ငါ့အထင်ပြောရရင် ဒီကိစ္စက နည်းနည်းထူးဆန်းနေတယ်လို့ ထင်တယ်"

ကျန်ကောင်လေးတစ်ယောက်က ဝင်ပြော၏။

"အင်း. . . ငါတို့လည်း ရိပ်မိပါတယ်။ ဘာလို့လဲဆို သူတို့သုံးယောက်လုံးက ကောင်လေးတစ်ယောက်ကို ဘယ်လိုမှ စ,မပြောက်လို့ပဲ"

"ဒါပေမဲ့. . . သူတို့က အကူအညီတောင်းနေပြီလေ"

www.burmeseclassic.com

ww.burmeseclassic.com



"အဲဒါကို ပြောတာပေါ့၊ မရှိးသားဘူးလို့"

"မင်းရော ဘယ်လိုထင်လဲ"

ငြိမ်နေတဲ့ တစ်ယောက်ကို လှမ်းမေးလိုက်သည်။

"သူတို့က ငါတို့အဖွဲ့ကို သိချင်လို့ အကွက်ဆင်တာလို့ ငါထင်တယ်"

"အင်း. . . ဖြစ်နိုင်တယ်"

"ဒီလိုသာဆိုရင်တော့ ပျော်စရာကောင်းမှာ အမှန်ပဲကွ"

"အင်းပေါ့"

အခြားတစ်ယောက်က

"ဒါဆို ငါတို့က သူတို့တောင်းတဲ့ အကူအညီကို လက်ခံလိုက်တော့မယ်ပေါ့"

"ဒါပေါ့"

"ကောင်းတယ်"

"ကောင်းတယ်. . . ကံသာနဲ့ သူတို့ကို ဇာတ်လမ်းဆင်ပေးရတာပေါ့ကွာ ဟား. . . ဟား"

"နေဦး ဟေ့ကောင်. . . အခုဟာက နည်းနည်းတော့ အန္တရာယ်များတယ်"

"ဘာဖြစ်လို့လဲ"

"ဟ. . . သူတို့မသိအောင် ငါတို့ကလုပ်ရမယ်၊ ပြီးတော့ ကံသာက ရိုးရိုးအအရယ်"

"အေး. . . အဲဒါတော့ ဟုတ်တယ်"

တဖန်ငြိမ်သက်သွားကြပြန်သည်။

www.burmeseclassic.com

ww.burmeseclassic.com



ခဏကြာသောအခါတွင်. . .

"ဘာပဲဖြစ်ဖြစ် မနက်ဖြန်ကျရင် ငါတို့က သူစဖို့တောင်းထားတဲ့ အကူအညီကို လက်ခံကြောင်း သွားပြောလိုက်ကြတာပေါ့"

"ဘယ်လိုပြောမှာလဲ"

"မင်းသိပါတယ်ကွာ၊ ပြန်မေးနေပြန်ပြီ"

■

www.burmeseclassic.com

ww.burmeseclassic.com

# [၁၀]

သူမတို့ စီးလာသော ကျောင်းဖယ်ရီကားသည် တက္ကသိုလ်ထဲမှ တအိအိနှင့် ထွက်လာ၏။ အိမ်အပြန်လမ်းမှာ ကျောင်းသားကျောင်းသူများ ထုံးစံအတိုင်း တစ်ယောက်တစ်ပေါက် ဆူညံသံဖြင့် လိုက်ပါလာကြသည်။ သူမတို့ သုံးယောက်မှာ ကိုယ်ပိုင်ကား အသီးသီးရှိသော်လည်း ဖယ်ရီကိုသာ စိတ်တူကိုယ်တူစီးကြသည်။

သူမတို့ သုံးယောက်မှာ ယခင်ကတည်းက ခင်ကြသော မေဂျာတူသူငယ်ချင်းများမဟုတ်။

ယခုကိစ္စဖြစ်လာမှပဲ အချင်းချင်းတွဲမိကြခြင်းဖြစ်သည်။

ဖယ်ရီတူတော့ ပိုပြီးတွဲမိသွား၏။

"ကြည်ဖြူ. . . ဟိုကိစ္စက ဘာထူးသေးလဲ"

ယမင်းက သူမဘေးမှာ ထိုင်နေသော ကြည်ဖြူအား မေးလိုက်သည်။

ကြည်ဖြူကလည်း နားလည်သည်။ ဘာမှမထူးသေးဆိုသည့်ပုံစံဖြင့် လက်ခါပြသည်။

သူတို့သည် အချစ်အဖွဲ့ကိစ္စကို လူများသည့်အချိန်တွင် ပွင့်ပွင့်

www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းမဆွေးနွေးဟု ဆုံးဖြတ်ထားကြသည်။

"ငါ့အထင်တော့ တစ်ခုခုတော့ ထူးမှာပါ"

သူတို့နောက်မှာထိုင်နေသော နေခြည်ဝိုင်ကလည်း ဝင်ပြောသည်။

ထိုစဉ်. . .

"ကျွိ"

ကျောင်းဖယ်ရီကားသည် ရပ်တန့်သွား၏။

ကျောင်းသား ကျောင်းသူများ၏ ဆူညံသံများလည်း ရပ်တန့်သွားသည်။ ဘာဖြစ်တာပါလိမ့်။

ထုံးစံအတိုင်း ကားပျက်သွားခြင်းဖြစ်သည်။ ပွစိပွစိဆူညံသံတွေနှင့်အတူ ကားပေါ်မှာ ထိုင်သူထိုင်၊ ကားပေါ်မှ ဆင်းသူဆင်းနှင့် ဖြစ်ကုန်ကြသည်။

"ဒီကားက ဒီလိုပဲ၊ အရေးဆိုပျက်ပြီ"

ယမင်းလည်း ပူညံပူညံနှင့် ကားပေါ်မှဆင်းသည်။

ကြည်ဖြူနှင့် နေခြည်တို့လည်း သူမနောက်မှလိုက်ဆင်းလေ၏။

"ဘယ်လိုလုပ်မလဲ"

နေခြည်က သူမတို့နှစ်ယောက်ကို မေးသည်။

"ကားက တအောင့်ဆို ပြန်ကောင်းချင်ကောင်းမှာ၊ ဒါပေမဲ့ TAXI ငှားပြီးပြန်တာ ကောင်းပါတယ်။ ငါ့အိမ်မှာ ကိစ္စရှိသေးလို့"

ယမင်း၏စကားကို အားလုံးက သဘောတူလိုက်ကြသည်။

ထို့နောက် TAXI ငှားရန်အတွက် ကားပေါ်မှ အိတ်နှင့်စာအုပ်များ ယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


ဤနေရာသည် TAXI ရှားသောနေရာဖြစ်၏။ တစ်ခါ တစ်လေမှသာ တစ်စင်းတစ်လေတွေ့ရသည်။

ကံကောင်းစွာပင် ခပ်လှမ်းလှမ်းတွင် ရပ်ထားသော TAXI တစ်စင်းက လက်ညှိုးထောင်ပြသည်။

သူမတို့ကလည်း သွားမည့်ပုံစံလုပ်ပြတော့ TAXI သည် သူမတို့ ရှေ့ရောက်လာ၏။

"သမီးတို့ ဘယ်သွားမလဲ"

TAXI သမားဦးလေးကြီးကမေးတော့ သူမတို့ သွားမည့်လမ်းကြောင်းကို ပြောပြလိုက်၏။

"ကဲပါ . . သမီးတို့ ပေးနေကျအတိုင်းပဲ ပေးပါ"

ဤသို့ဖြင့် TAXI နှင့် အိမ်ပြန်ခဲ့ကြသည်။

TAXI ပေါ်တွင် သူမတို့သည် တစ်ယောက်နှင့် ဝ တစ်ယောက် စကား မပြောဖြစ်ပဲ ဟိုငေးဒီငေးနှင့် လိုက်လာခဲ့ကြ၏။

ခဏကြာသောအခါတွင် TAXI ဦးလေးကြီးက

"သမီးတို့က တက္ကသိုလ်ကျောင်းသူတွေလား"

"ဟုတ်ကဲ့ပါ ဦး"

အလိုက်သင့်ပြန်ဖြေလိုက်သည်။ ထို့နောက်

"ဦးမှာလည်း သမီးတစ်ယောက်ရှိတယ်ကွဲ့"

ဟုဆိုပြီး သူ့သမီးအကြောင်း၊ သူတို့ အိမ်အကြောင်း စီကာပတ်ကုံး ပြောနေလေတော့၏။

ထိုအခါမှ TAXI သမားဦးလေးကြီးမှာ စကားအလွန်များသောသူဖြစ်ကြောင်း သိရတော့သည်။

လမ်းတစ်လျှောက်လုံး သူမတို့ကို မေးခွန်းတွေ မေးလိုက်ပြေ

www.burmeseclassic.com

ww.burmeseclassic.com



လိုက်၊ သူ့အကြောင်းပြောလိုက်နှင့် ကားမောင်းလာခဲ့၏။

တစ်ခါတစ်ရံမှာ သူ့စကားတွေသည် ပျင်းဖို့ကောင်း၏။ တစ်ခါ တစ်ရံတော့ အနည်းငယ်စိတ်ဝင်စားဖို့ ကောင်းပါသည်။

သူမတို့မှာလည်း ဘယ်မှပြေးမရသည့်အဆုံး ငြိမ်ပြီး နား ထောင်ကာလိုက်လာခဲ့ကြသည်။

သူမတို့ ဆင်းရမည့်နေရာရောက်ခါနီးတွင်

"ဪ. . . ဦးပြောဖို့ ကစ်ခုကျန်သေးတယ်"

"ဟုတ်ကဲ့"

မပြီးနိုင်တော့ဘူးဟု သူမတို့စိတ်ထဲမှာ ညည်းညူမိသည်။

"ဦးမှာ သမီးရှိတာ သမီးတို့လည်း အသိပါ"

"ဟုတ်ကဲ့"

"အခု ဦးမှာ သမီးနဲ့ပတ်သက်ပြီး ဆုံးဖြတ်ရခက်နေတဲ့ အခြေ အနေရောက်နေတယ်"

"ဘာဖြစ်လို့လဲ ဦး"

နေခြည်က ဝင်မေးသည်။

သူမတို့လည်း နည်းနည်းစိတ်ဝင်စားသွားကြသည်။

"အခုတလော ဦးသမီးမှာ ရည်းစားရှိနေတယ်လို့ သံသယ ဖြစ်နေတယ်"

"ဦးက သူများဆီက သတင်းကြားထားလို့လား"

"မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့လဲ ဦး"

"ဒီလို သမီးရဲ့. . . တစ်နေ့ သူ့အခန်းကို ခဏဝင်ကြည့် တယ်။ အဲဒီမှာ ရည်းစားစာလို့ ယူဆရတဲ့ စာတစ်စောင်တွေ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားစာလို့ ယူဆရတဲ့. . ."

ကြည်ဖြူက သံယောင်လိုက်ပြောသည်။

သူမတို့ ဆင်းရမယ့်နေရာကို ရောက်ခါနီးပြီဖြစ်သည်။

"ဟုတ်တယ်. . . ဘယ်လိုရေးထားမှန်းတော့ မသိဘူးကွဲ့၊ ရည်းစားစာလို့တော့ ဦးက ထင်တာပဲ"

"ဘယ်လိုများရေးထားလို့လဲ"

သူမတို့က တကယ်စိတ်ဝင်စား၍ မေးလိုက်ခြင်းဖြစ်သည်။

TAXI ကားရပ်သွား၏။

သူမတို့ ဆင်းရမည့်နေရာကို ရောက်ပြီဖြစ်သည်။

သူမတို့က ပိုက်ဆံရှင်းကာ ကားပေါ်မှ ဆင်းပြီးနောက်တွင် TAXI ဦးလေးကြီးက. . .

"ဦးမှာ အဲဒီစာနမူနာပါတယ်။ သမီးတို့က ပညာတတ်တွေဆိုတော့ ဖတ်တတ်မယ်ထင်တယ်။ ဦးကတော့ မစဉ်းစားချင်တော့လို့ ပစ်ထားတာကြာပြီ။ သမီးတို့ ယူချင်ယူသွားလေ"

သူ့ကား ဒက်ဘုတ်ထဲမှ စာတစ်စောင်အားယူပြီး သူမတို့အား လှမ်းပေးသည်။

ယမင်းက အူကြောင်ကြောင်နှင့် လှမ်းယူလိုက်၏။

ဘာစာမို့လို့ သူအဓိပ္ပာယ်မသိတာလဲဟူသော စိတ်ဝင်စားမှုနှင့်အတူ . . .။

ကားသည် ထွက်သွား၏။

ယမင်းက စာရွက်ကို ဖြန့်လိုက်လေ၏။

"ဟင်"

ယမင်းရဲ့အံ့ဩသံကြောင့် နေခြည်နှင့် ကြည်ဖြူပါ စာရွက်ကို

www.burmeseclassic.com

ww.burmeseclassic.com


ကြည့်လိုက်ကြ၏။

"အို"

ပုံစံခပ်ဆန်းဆန်းနှင့် ရေးထားသော တဖက်ပါစာကိုတွေ့ရ၏။

www.burmeseclassic.com

ww.burmeseclassic.com




သို့

 ဝိုင်

 ညို့

ကြည်ဖြူလင်းမို့

ခင်ဗျားတို့–

~~ခြင်း~~  ~~ပုံ~~ ~~ဓါတ်ချင်း~~  ထားသော  ~~မုန့်~~

~~မိတ်~~  

သ  ~~လုံး~~

 ~~ပေါက်~~  ~~E~~ 

 ~~လီဖုန်း~~

ပုံ
အချစ်အဖွဲ့

www.burmeseclassic.com

ww.burmeseclassic.com


"သူတို့က အရုပ်နဲ့ စာပုံစံရေးထားတာထင်တယ်"

"အင်း. . . ဖြစ်နိုင်တယ်"

ယမင်းက စာရွက်ကိုင်ရင်း တွေးဆဆပြောသည်။

"ဒါဆို ငါတို့ ဘယ်လိုဖတ်ကြည့်ကြမလဲ"

"ငါ့အထင်ပြောရရင် စကားလုံးအစားသွင်းကြည့်ရမယ်ထင်တယ်"

သူတို့ တစ်ဖက်ပါအတိုင်း စကားလုံးအစားသွင်းကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့

(နေခြည်)

 ဝိုင်

(ယမင်း)

 ညို့

ကြည်ဖြူလင်းမို့

င်ဗျားတို့–

(တောင်း) (ဆို) (ကိတ်)

~~ချစ်~~  ~~မုံ~~ ~~သီချင်း~~  ထားသော  ~~မုန့်~~

(စ) (ဘော)

~~ချော်~~  

သ  ~~လုံး~~

(တူ) (ခံ) (ပါ)

 လက်  ~~E~~ 

(တယ်)

 ~~လီဖုန်း~~

ပုံ

အချစ်အဖွဲ့.

www.burmeseclassic.com

ထိုသို့ အစားသွင်းကြည့်သောအခါတွင် အဓိပ္ပာယ်မှာ အောက်ပါအတိုင်းထွက်လာ၏။

သို့

နေခြည်ဝိုင်း

ယမင်းညို့

ကြည်ဖြူလင်းဖို့

အမြွာဆို . . .

တောင်းဆိုထားသော ကိစ္စအား သဘောတူ လက်ခံပါတယ်။

ပံ့

စာချစ်စံဖြူ

''အို. . . သူတို့က ငါတို့ကိစ္စကို လက်ခံတယ်လို့ အကြောင်းကြားတာပဲ''

''အေး. . . အကြောင်းကြားတာကတော့ မိုက်တယ်နော်''

''ဒါဆို ငါတို့ ဇာတ်လမ်းစပြီပေါ့''

ဤသို့ဖြင့် တစ်ယောက်လက်ဖဝါးတစ်ယောက်အချင်းချင်း ရိုက်လိုက်ကြ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၁၁]

မနက်ကို စားသားသော အသုတ်က လက်စွမ်းပြလေပြီ။ ဗိုက်တစ်ခုလုံး ရစ်ကာရစ်ကာ နာလာလေ၏။

ထို့ကြောင့် နီးစပ်ရာအဆောင်အိမ်သာတစ်ခုခုအား ဝင်လိုက်သည်။

"ဟူး"

လေပူတစ်ချက်မှုတ်ထုတ်ရင်း ထမ်းထားသော ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

အိမ်သာမှာ ကျောင်းရဲ့အိမ်သာဖြစ်သောကြောင့် အိမ်သာထဲတွင် ဟိုခြစ် ဒီခြစ်လက်ရာများ။ အဟိ အဟိ စာများနှင့်ပြည့်နေသည်။

ကံသာမှာ အိမ်သာတက်ရင်း ဟိုကြည့် ဒီကြည့်လျှောက်ကြည့်နေရင်းမှပင် သူ့နာမည်ကို ခေါ်သံကြားလိုက်ရသည်။

"ကံသာ. . . ကံသာ"

ဘယ်သူများပါလိမ့်. . .။

"ဟေး"

အထဲမှ ပြန်ထူးလိုက်သည်။

www.burmeseclassic.com

ww.burmeseclassic.com



"ကံသာလား"

"အေး. . . ဘယ်သူလဲ"

"ငါပါကွ. . . မင်းကို အိမ်သာထဲဝင်သွားတာ တွေ့လိုက်လို့"

ဘယ်သူမှန်းမသိ။ 'ငါပါကွ' တုသာ ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ"

"မင်းနာမည် ကျောင်းသားရေးရာမှာတွေ့လို့"

"ဘာ"

သူ တုန်လှုပ်သွားသည်။

သူ့ကိုယ်သူ ဘာအပြစ်လုပ်ထားပါလိမ့်ဟု ပြန်တွေးကြည့်သည်။ မဖြစ်ဘူး၊ မဖြစ်ဘူး။ ကျောင်းသားရေးရာအမြန်သွားမှ. . .။

"အေး. . . အဲဒါ ကျောင်းသားရေးရာမှာ သွားမေးလိုက်ဦး"

"ဟုတ်. . . ဟုတ်ကဲ့"

သူလည်း ကိစ္စအမြန်အပြီးသတ်ပြီး အိမ်သာထဲမှ ထွက်လိုက်ပါ၏။

စောစောက လူရှိမနေတော့. . .။ သို့သော် ဤသည်ကို ဂရုမစိုက်အားပဲ ကျောင်းသားရေးရာသို့ သုတ်ခြေတင်လိုက်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

## [၁၂]

ယမင်းမှာ ကြည်ဖြူ၊ နေခြည်တို့နှင့် လမ်းခွဲပြီး ကျောင်းသားရေးရာသို့ ထွက်လာခဲ့သည်။

လိုအပ်သော စာရွက်စာတမ်းကြေးနှင့် Form များဖြည့်ရန်အတွက်ဖြစ်သည်။

မနေ့ကတည်းက သုံးယောက်အတူတူ ငွေသွင်းရန်ဖြစ်သော်လည်း သူမမှာ မနေ့က မလာနိုင်၍ ဒီနေ့မှ ငွေသွင်းခြင်းဖြစ်သည်။

"ငွေသွင်းချင်လို့"

ငွေသွင်းကောင်တာမှာ ထိုင်နေသော ဦးလေးကြီးအား ပြောလိုက်၏။

ယခင်အခေါက်များတုန်းက ငွေသွင်းကောင်တာမှာ အမျိုးသမီးများသာ ထိုင်တတ်သည်။

ယခုမှ ဦးလေးကြီးတစ်ယောက်ဖြစ်နေသည်။ မတွေးချင်တော့. . .။ တစ်ယောက်ယောက် မအားလို့ဖြစ်မှာပေါ့ဟု တွေးရင်း ငွေသွင်း Form အား ဖြည့်နေလိုက်၏။

ထိုစဉ် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟို. . . ကျွန်တော့်နာမည်၊ ကျွန်တော့်နာမည်ပါလို့ဆို"

လူတစ်ယောက် မောမောပန်းပန်းနှင့် ပြေးဝင်လာသည်။

အဆောင်ထဲတွင် သူမရယ်၊ ခုနက ဦးလေးကြီးရယ်၊ နှစ်ယောက်သာရှိသည်။ ကျန်နေသည့်သူများမှာ ထမင်းစားနေပုံရသည်။

သူမမှာ ပြေးဝင်လာသူအား ကြည့်မိ၏။

"ဟင်"

ကံသာ ဖြစ်နေသည်။

"ကျွန်တော့်နာမည် ကျောင်းသားရေးရာမှာ စာရင်းထွက်နေလို့ဆို၊ အဲဒါ ဘာများဖြစ်လို့လဲ မသိဘူး"

ကံသာမှာ စိုးရိမ်တကြီးပုံစံနှင့် ဖြစ်သည်။

တော်တော်လေးလည်း ထိတ်လန့်နေပုံရသည်။ သူမပင် သူမတို့အဖွဲ့နှင့် ကံသာ၏ ဆက်စပ်မှုကို မေ့သွားပြီး ကံသာ၏ပြဿနာကို စိတ်ဝင်စားသွားသည်။

"နာမည် ဘယ်သူလဲ"

ကောင်တာမှ ဦးလေးကြီးက မေးသည်။

"ကံသာပါခင်ဗျာ"

ကံသာက သူ့ထုံးစံအတိုင်း ကျိုးနွံ့နွံ့ဖြင့် ပြန်ဖြေရှာသည်။

ဦးလေကြီးကလည်း. .

"ခဏနေဦး"

ဟုဆိုကာ သူ့အနားတွင်ရှိသော စာအုပ်ပုံများထဲမှ စာအုပ်တစ်အုပ်အား ရှာနေလေ၏။

"အင်း. . . တွေ့ပြီ"

သူ့ဘာသာသူ ရေရွတ်၏။

www.burmeseclassic.com

ww.burmeseclassic.com


"အင်း. . . ကံသာ. . . ကံသာ၊ ကံသာ. . . ဟော တွေ့ပြီ"

ကံသာမှာ ပျာပျာသလဲဖြစ်သွားပြီး

"ဘာ. . . ဘာဖြစ်လို့လဲဟင်"

"မင်းလုံခြုံရေးတွေကိုနောက်တဲ့ ရှာဖျာရေးတယ်ဆိုပြီး မင်းကို တိုင်ထားတာကွ"

"ဗျာ. . . ကျွန်တော်က"

"အေးလေ . . . အဲဒါ မမော်ကွန်းထိန်းက မင်းကို တွေ့ချင်လို့တဲ့"

"မဟုတ်ဘူး. . . ကျွန်တော် မရေးပါဘူး"

ကံသာက အတင်းငြင်းနေသည်။

သူမလည်း Form ဖြည့်ပြီးသွားပြီဖြစ်သောကြောင့် ကောင်တာမှ လူကြီးအားပေးလိုက်၏။

ထိုလူကြီးကလည်း သူမ Form ကို တစ်ချက်ကြည့်လိုက်ပြီး စာရွက်ပုံကြီးထဲ ထိုးထည့်လိုက်ကာ သူမပေးလိုက်သော ငွေများကို ရေတွက်နေလေ၏။

ထိုအချိန်တွင် ကံသာမှာ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဖြစ်နေသည်။

"မင်း. . . မော်ကွန်းထိန်းဆီသွားလိုက်ဦးလေ"

"ဟုတ်. . . ဟုတ်ကဲ့"

သူ့မှာ သွားရမလို မသွားရမလိုဖြစ်နေသည်။

ထိုစဉ် ကံသာက သူမကို သတိပြုမိသွားပြီး ရှက်ကိုးရှက်ကန်ဖြစ်ကာ သူ့ကိုယ်သူ ပြောသလို သူမကိုပဲ ပြောသလိုလို ဘာဆိုလို့နဲ့ ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်. . . ကျွန်တော် မလုပ်ရပါဘူးဗျာ"

"ရှင်က ဘာတွေလျှောက်ရေးလို့လဲ"

"မရေးရပါဘူးဗျာ. . . တကယ်ပါ"

"မရေးဘဲနဲ့ သူတို့က ဘယ်လိုလုပ်တိုင်မှာလဲ"

"အဲဒါတော့ မသိတော့ပါဘူးဗျာ"

ကံသာ ပုံစံမှာ တော်တော်လေးစိတ်ပျက်နေပုံရသည်။

"ကဲ. . . ကဲ၊ မော်ကွန်းသိန်းဆီ မြန်မြန်လေးသွားလိုက်ဦး တော်ကြာပိုပြီး ဆူနေဦးမယ်"

ကောင်တာမှ လူကြီးက ကံသာအားလှမ်းသတိပေးသည်။

"အဲ. . . ကံသာ၊ မင်းရေးထားတဲ့ ကဗျာတစ်ပုဒ်တော့ ငါကြိုက် တယ်ကွ"

"ဦးမှာရှိလားဟင်"

အခုချိန်တွင် ကံသာမှာ သူရေးထားသည်ဆိုသော ကဗျာများ ကို စိတ်ဝင်စားနေသည်။

"အကုန်လုံးတော့ မရှိဘူးကွ။ ဒါပေမဲ့ ငါတစ်ပုဒ်တော့ မှတ် မိတယ်။ ဘာတဲ့ ကဗျာနာမည်က 'လုံခြုံရေး' တဲ့"

ကောင်တာမှ ဦးလေးကြီးက တဖက်ပါ ကဗျာအား ရွတ်ပြ သည်။

www.burmeseclassic.com

ww.burmeseclassic.com


## လုံခြုံရေး

သူလုပ်တယ်
ဟိုလျှောက်
ဒီလျှောက်. . .။
သူပြုတယ်
ဟိုထိုင်
ဒီထိုင်
လာသမျှ လူမေး
ဘယ်ကိုလဲဟေး. . .။
ပြစမ်းပါ
ဟိုကဒ်
ဒီကဒ်. . .။
ပြုံးမပြတယ်
သူ့ဘဝဝယ်
ဘယ်ရွေးရေစက်ကြောင့်ကွယ်
ခက်လိုက်ပါဘိ
လုံခြုံရေးရယ်
တို့ကို တစ်ချက်လောက်
ပြုံးပြပါလားကွယ်. . .။

www.burmeseclassic.com

www.burmeseclassic.com



ကဗျာဆုံးတော့ သူမ ပြုံးမိလိုက်သည်။ ဒီလိုဆိုတော့ ကံသာက ဘယ်ဆိုးလို့တုန်းဟု တွေးမိ၏။

ကံသာက . . .

"ဒါ ကျွန်တော် ရေးတာမဟုတ်ဘူးဗျ"

ဟုသာ တွင်တွင်ငြင်းနေသည်။

"အဲဒါတော့. . . မော်ကွန်းထိန်းကို ရှင်းပြပေါ့"

ကောင်တာမှ လူကြီးက လိုသို့ပြောပြီး သူ့အလုပ် သူဆက်လုပ်နေလေသည်။

ကံသာ အခန်းထဲမှ ထွက်လိုက်သည်။

သူမမှာလည်း သူမကိစ္စပြီးသွားတာကြောင့် ကံသာနောက်မှနေ၍ အခန်းထဲမှ ထွက်လာခဲ့လိုက်သည်။

သူမ သွားရမည့်နေရာမှာလည်း မော်ကွန်းထိန်းရုံးခန်းရှေ့မှ ဖြတ်သန်းသွားရမည်ဖြစ်သောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၁၃]

ထိုအချိန်တွင် ကြည်ဖြူနှင့် နေခြည်မှာလည်း ပြဿနာတက်နေသည်။ ပြဿနာတက်နေသည်ဆိုတာထက် ကိစ္စတစ်ခုနှင့်ရင်ဆိုင်နေရသည်ဆိုလျှင် ပိုမှန်ပါမည်။

ယမင်းက ကျောင်းသားရေးရာသွားနေသောကြောင့် သူမတို့နှစ်ယောက်တည်းသာ ကင်တင်းသို့ထွက်ခဲ့သည်။

လမ်းမကြီးမှ ထုံးစံအတိုင်းမသွားဘဲ လူရှင်းရာအဆောင်များမှ ဖြတ်လာခဲ့ကြသည်။ စကားတပြောပြောနဲ့ လျှောက်လာခဲ့ကြရင်း လူရှင်းသော နေရာအရောက်တွင် လမ်းပေါ်၌ဖိုင်တစ်ခုကို တွေ့ရလေ၏။

"ဘယ်သူ့ဖိုင်လဲ မသိဘူး"

ကြည်ဖြူကလမ်းပေါ်မှာ ကျနေသော ဖိုင်အားကောက်ရင်း ပြောသည်။

ဖိုင်မှာ အနီရောင်ဖြစ်ပြီး မထူးမပါးလွန်းသော ဖိုင်ဖြစ်သည်။ ကြည်ဖြူက ဖိုင်အား ဖွင့်ရန်ဟန်ပြင်လိုက်စဉ်တွင် နေခြည်က

"နေဦး ကြည်ဖြူ။ ဖိုင်ပေါ်မှာ ရေးထားတာလည်းကြည့်ဦး"

www.burmeseclassic.com

www.burmeseclassic.com



နေခြည်ရော၊ ကြည်ဖြူပါ ဖိုင်ပေါ်ရှိစာအား ဖတ်မိသည်။

"လျှို့ဝှက်ဖိုင်"

ဟု အမည်တပ်ထားပြီး အောက်တွင်လည်း 'မော်ကွန်းထိန်း' ဟု အမည်ရေးထိုးထားသည်။

"ငါတို့ မော်ကွန်းထိန်းများ ကျကျန်ခဲ့တာလားမသိဘူး"

"အေး. . . ဖြစ်နိုင်တယ်နော်၊ ဒီမှာ မော်ကွန်းထိန်းလို့ ရေးထားတယ်"

"ဖွင့်ကြည့်လိုက်ရင်ကောင်းမယ်ထင်တယ်"

"ဟဲ့. . . ဒီမှာ လျှို့ဝှက်ဖိုင်လို့ ရေးထားတယ်လေ။ တော်ကြာ ဖွင့်ကြည့်လို့ ဆူခံနေရပါဦးမယ်"

"မသိတော့ မသိလောက်ပါဘူးဟယ်"

"အယ်. . . ငါတော့ ကြောက်တယ် မကြည့်ချင်ဘူး"

နေခြည်က အကြောက်အကန်ပြောသည်။

"ဒါဆို ငါတို့ ဘာလုပ်ကြမလဲ"

"ဒါ ငါတို့ကျောင်းရဲ့ မော်ကွန်းထိန်းနဲ့ဆိုင်တာပဲ မော်ကွန်းထိန်းကိုပဲ တိုက်ရိုက်သွားပေးရမှာပေါ့"

"ဖြစ်ပါ့မလား"

"အံမယ်. . . ငါတို့ကိုတောင် ချီးဖူးတင်သွားဦးမယ်။ ကဲ လာ သွားရအောင်"

ဤသို့ဖြင့် ကြည်ဖြူနှင့် နေခြည်တို့သည် ကျောင်းသားရေးရာရှိ မော်ကွန်းထိန်းရုံးခန်းသို့ ထွက်လာခဲ့ကြ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

[၁၄]

ကံသာက မော်ကွန်းထိန်းရုံးခန်းရှေ့တွင် ခေါင်းငိုက်စိုက် ငိုက်စိုက်နှင့် ရပ်လိုက်၏။

ဝင်ရမလို မဝင်ရမလိုနှင့် ချီတုံချတုံဖြစ်နေလေသည်။

ယမင်းက ကံသာအား ပြုံးစိပြုံးစိကြည့်ပြီး ကျော်တက်သွားခဲ့၏။

သူမ နောက်ပြန်လှည့်ကြည့်သောအချိန်တွင် ကံသာမှာ မော်ကွန်းထိန်းရုံးခန်းထဲသို့ ဝင်သွားပြီဖြစ်သည်။

"ဟဲ့. . . ယမင်း၊ ဘာတွေလှည့်ကြည့်နေတာလဲ"

နေခြည်နှင့် ကြည်ဖြူတို့ အသံများကြောင့် သူမမှာ ပျာပျာသလဲဖြစ်သွားပြီး

"နင်တို့ နင်တို့က ဒီကို. . ."

"နောက်မှ မေး၊ လာ. . . အခု မော်ကွန်းထိန်းရုံးခန်းဆီသွားမယ်"

"ဘာ. . . မော်ကွန်းထိန်းရုံးခန်းဆီသွားမယ်၊ ဘာလုပ်ဖို့လဲ"

"ဟိုရောက်ရင် နင်သိလိမ့်မယ်ဟာယ်၊ လိုက်ခဲ့"

www.burmeseclassic.com

ww.burmeseclassic.com



သူမတို့နှစ်ယောက်က အတင်းခေါ်နေသောကြောင့် ယမင်းမှာ သူတို့နောက်သို့ ခပ်သွက်သွက်လေးလိုက်သွားလိုက်၏။

မော်ကွန်းထိန်းရုံးခန်းထဲသို့ ဝင်သောအခါတွင် မော်ကွန်းထိန်းက တစ်ယောက်ယောက်ကို ဆူပူကြိမ်းမောင်းနေသံကို ကြားလိုက်ရသည်။ သူမတို့မှာ တွန့်သွားသည်။

ယမင်းမှာ အကြောင်းသိဖြစ်သောကြောင့် ပို၍တွန့်သွား၏။

"ဘာလဲ. . . နင်က ငါ့ကိုလာနောက်နေတာလား"

"ဗျာ. . . မဟုတ်ရပါဘူး။ ဟို. . . ကျောင်းသားရေးရာက ဟို. . . ကျွန်တော့်ကဗျာ. . ."

ကံသာ၏လေသံမှာ ထစ်ထစ်ငေါ့ငေါ့ဖြစ်နေ၏။

"ဘာကဗျာလဲ၊ ရှုတ်ရှုတ်ယှက်ယှက်တွေ၊ အလုပ်ရှုပ်တယ်။ နင်တို့တွေက ကျောင်းစာကိုတော့ ကောင်းကောင်းမသင်ချင်ဘူး"

သူမတို့မှာ အခြေအနေမဟန်မှန်းသိသောကြောင့် ပြန်လှည့်ရန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားပြီဖြစ်သည်။

"ဟဲ့. . . ဟိုသုံးယောက်က ဘာကိစ္စလဲ"

"ဟို. . ."

နေခြည်က ကြည်ဖြူလက်ထဲသို့ ဖိုင်ထိုးထည့်ပေးသည်။ နင်ရှင်းပြလိုက်ဆိုသည့်သဘော။

ကြည်ဖြူကလည်း ယမင်းလက်ထဲသို့. . .။

"ဟဲ့. . . ငါမေးနေတယ်လေ"

"ဟို. . . ဆရာမရဲ့ဖိုင်တစ်ခုလမ်းမှာကောက်ရလို့ပါ"

နေခြည်က မရဲတရဲဝင်ပြောသည်။

www.burmeseclassic.com

ww.burmeseclassic.com



"ငါ့ဖိုင်. . . ဟုတ်လား"

"ဟုတ်ပါတယ်. . . မော်ကွန်းထိန်းလို့ ရေးထားပါတယ်။
းတော့ လျှို့ဝှက်ဖိုင်လို့လည်း ရေးထားလို့ပါ"

မော်ကွန်းထိန်းမှာ တွေဝေသွားပြီး

"ပေးစမ်း. . . ငါ့ကို အဲဒီဖိုင်"

ယမင်းက မော်ကွန်းထိန်းလက်ထဲသို့ ဖိုင်အား တွန့်ဆုတ်တွန့်
ဆုတ်နှင့် လှမ်းပေးလိုက်သည်။

ဖိုင်မှာ မော်ကွန်းထိန်းလက်ထဲရောက်သွား၏။

လက်ထဲသို့ ရောက်ရောက်ချင်းပင် မော်ကွန်းထိန်းမှာ ဖိုင်ကို
င့်ကြည့်လိုက်၏။

"ဟင်"

မျက်မှောင်ကြုတ်၏။

ပြီး. . . ဖိုင်အား အနီးကပ်ယူကြည့်ပြန်သည်။

"ဘာလဲဟ"

မကျေနပ်၍ထင်သည်။ ဖိုင်အား လက်ဖြင့်ဆန့်တန်းကာ မျက်နှာ
င့်ခွာ၍ ကြည့်ပြန်၏။

ဘေးမှာရပ်နေသော သူမတို့သုံးယောက်နှင့် ကံသာမှာသာ
ာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေသည်။

ကံသာက ဆူခံထိထား၍ ခေါင်းငုံ့ထားသည်။

"ဒါ ဘယ်ကရတာလဲ"

မော်ကွန်းထိန်းက သူမတို့သုံးယောက်ကို ဝေ့ကြည့်ကာမေး၏။

"ဟို. . . အဆောင်နားက ရတာပါ၊ ဆရာ. . . ဆရာမ
င်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ငါ့ဟာတော့ မဟုတ်ဘူး။ ဒါပေမဲ့. . ."

ဖိုင်အား ထပ်ကြည့်ပြန်သည်။

သူမတို့လည်း မော်ကွန်းထိန်းကြည့်နေသော ဖိုင်အား စိတ်ဝင်စားလာလေသည်။

"ဘာတွေပါလို့လဲဟင်. . . ဆရာမ"

နေခြည်က မရဲတရဲလေး ဝင်မေးသည်။

ဖိုင်ထဲကအကြောင်းအရာအား မော်ကွန်းထိန်းက စိတ်ဝင်စားပြီး ဒေါ်သနည်းနည်းလျော့သွားသည်ဟု ထင်သောကြောင့် ဝင်မေးရဲခြင်းဖြစ်သည်။

"ဒီမှာကြည့်၊ အဲဒါက ဘာလဲ"

မော်ကွန်းထိန်းက ဖိုင်အား လှမ်းပေးသည်။

မော်ကွန်းထိန်းပေးသော ဖိုင်အား အလုအယက် ဝိုင်းကြည့်မိသည်။

"ဟင်"

"ဘာလဲဟ"

ခဏတော့ ကြောင်တောင်တောင်ဖြစ်သွားပါသည်။

ဖိုင်ထဲတွင် တစ်ဖက်ပါ ပုံလေးပုံပါ၏။

www.burmeseclassic.com

meseclas

meseclass

ww.burmeseclassic.com


အချိန်အတော် အတန်ကြာသည်အထိ ပုံလေးပုံအား စိုက်ကြည့်နေမိဆဲဖြစ်သည်။

ဘာမှန်းမသိ. . .။ ဘေးစောင်းကြည့်လိုက်၊ အတည့်ကြည့်လိုက်နှင့် ကြည့်နည်းပုံစံပေါင်း စုံနေပြီဖြစ်သည်။

ဘာပုံလဲဟာ။

အဆူအပူအကြိမ်းအမောင်းမှာ နာမည်ကြီးလှသော မော်ကွန်းထိန်းပင် ခေတ္တခဏငိုင်ကာ ဘာပုံလဲဟု စဉ်းစားနေမိသည်။

"ဟာ. . . သိပြီ"

ယမင်း၏အသံဖြစ်သည်။

"ဘာ. . . ဘာပုံလဲ"

မော်ကွန်းထိန်းက ဝင်မေးသည်။

"Love ကို လက်နဲ့ပုံဖော်ထားတာပါ ဆရာမ"

"ဘယ်လို. . . လက်ကို လက်နဲ့"

'ဟို. . . L. . . O. . . V. . . E ကို လက်နဲ့ ပုံဖော်ထားတာပါလို့ ပြောတာ"

"ပေးစမ်း ငါ့ကို"

ယမင်း၏လက်ထဲမှ ဖိုင်အား ဆွဲယူကြည့်ပြန်သည်။

"အေးကွဲ့. . . ဟုတ်သားပဲ"

ကံသာမှာ အခုထိ တုပ်တုပ်ပင် မလှုပ်ချေ။ အားလုံးဖြစ်ပျက်နေသည်ကို မျက်လုံးလေး ကလယ်ကလယ်နှင့် ကြည့်နေရသည်။

"နေပါဦး. . . ပုံနောက်မှာ နောက်ထပ်စာရွက်ပါသေးတယ်"

မော်ကွန်းထိန်းက ပုံနောက်မှ စာရွက်အား လှန်လိုက်၏။

"အံမယ်. . . စာရေးထားတာပဲ၊ ဘာတဲ့. . ."

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုကာ သူ့ဘေးနားမှ မျက်မှန်ယူကာ စာကိုအသံသေချာ ထွက်ဖတ်လေ၏။

**လူတစ်ယောက်သည် အခြားဆန့်ကျင်ဘက်လိင်ကို မြင်မြင်ချင်း ချစ်မိသည် ဆိုပါစို့...။**

**ထိုအခါ သူ့ကိုယ်တွင်းမှာရှိတဲ့** Nerve growth Factor (NGF) **လို့ လူသိများတဲ့ ပရိုတင်းဓာတ်သိကျူးတွေဟာ အမြင့်ဆုံးအဆင့်ကို ရောက်ရှိလာပါတယ်။**

**ဒါပေမဲ့... အဲဒီလိုချစ်တဲ့အချစ်ဟာ တစ်နှစ်လောက်ကြာတဲ့အခါမှာ အမြင့်ဆုံး အဆင့်ကနေ အရင်အနိမ့်ဆုံးအဆင့်ကို ပြန်လည်ရောက်ရှိလာတယ်လို့ ပါဗီယာတက္ကသိုလ်** (Pavia University) **မှာရှိတဲ့ အီတလီသိပ္ပံပညာရှင်တစ်စုက (၂၀၀၅) ခုနှစ်လောက်မှာ ရှာဖွေတွေ့ရှိခဲ့ပါတယ်။**

**ဒီနည်းလမ်းဟာ...နည်းနည်းမှားနေတယ်လို့ ကိုယ်ဆိုပါရစေ။**

**ဘာဖြစ်လို့လည်းဆိုတာ ကိုယ်ရှင်းပြပါမယ်...။**

**ကိုယ်ဟာ ဓာတုဗေဒကျောင်းသားပါ။**

**အချစ်ရေ...**

**ကိုယ်မင်းကို ချစ်လာတာ တစ်နှစ်ကျော်ပြီနော်။ ဒါပေမဲ့ ကိုယ့်ရင်ထဲမှာ ရှိနေတဲ့** NGF **ပရိုတင်းဓာတ်သိကျူးဟာ အမြင့်ဆုံးအဆင့်ကနေ မဆင်းသေးဘူး...။**

**ဆင်းဖို့ ပုံစံသည်းမရှိဘူးနဲ့ တူပါတယ်ကွယ်။**

**ဒါကြောင့် သူတို့မှားတယ်လို့ပြောတာပေါ့။**

**ဝင်းကိုချစ်သူ**

**ထံသာ**

www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည်ကြားလိုက်ရ၍ ကံသာ တွန့်သွားသည်။

ပြီး. . . ခေါင်းငုံ့နေရာမှ မော်ကွန်းထိန်းအား အထိတ်တလန့်ဖြင့် ကြည့်လိုက်၏။

ကောင်မလေးသုံးယောက်မှာလည်း တအံ့တဩဖြင့် သူ့ကို ကြည့်နေသည်။

"ကံသာ"

မော်ကွန်းထိန်း၏ခေါ်သံကြောင့် သူ့မှာ ရွှေးနည်းနည်း ပြန်စ ပြုနေပြီဖြစ်သည်။

ဒီကိစ္စကို သူ လုံးဝမသိ။ ဘယ်က ဘယ်လို ဖိုင်ထဲမှာ သူ့ နာမည်ပါနေသလဲဆိုတာကိုပင် ဝေခွဲမရဖြစ်နေသည်။

"ဗျာ"

"ဒါ. . . မင်းလက်ချက်ပေါ့"

"မ. . . မဟုတ်ရပါဘူး။ ကျွန်တော် မဟုတ်ပါဘူး"

"ဒါ. . . မင်းနာမည်မဟုတ်လို့ ဘယ်က နာမည်လဲ၊ ဒီကျောင်းမှာ ဒီလိုနာမည်မျိုးဟာ မင်းတစ်ယောက်ပဲရှိတယ်"

"ဟုတ်"

သူ့မှာ ဇောချွေးပြန်လာ၏။

သူ မဟုတ်ဘူးဟု ငြင်းနေ၍ မော်ကွန်းထိန်းမှာလည်း ပို၍ စိတ်ဆိုးလာသည်။

"ကဲ. . . ပြော၊ ကံသာ နင်ဝန်ခံမလား မခံဘူးလား"

သူ ကောင်မလေးသုံးယောက်ကို ကြည့်လိုက်မိ၏။

သူမတို့မှာလည်း ခေါင်းကို ငိုက်စိုက်ချထားသည်။

သူဘာလုပ်ရမလဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



"ကံသာ"

"ဗျာ"

"ငါ မေးနေတယ်လေ"

"ဟုတ်ကဲ့. . . ကျွန်တော်လုပ်တာပါ"

ပါးစပ်က အလိုလိုယောင်ထွက်သွားသည်။

ကောင်မလေးသုံးယောက်က သူ့ကိုမော့ကြည့်သည်။

သူက ခေါင်းကို ငိုက်စိုက်ချလိုက်၏။

မော်ကွန်းထိန်းက သက်ပြင်းချသည်။

ထို့နောက် ဆုံးမဩဝါဒများအား တသီတတန်းပေးလေတော့၏။

သူ့မှာသာ ခေါင်းငိုက်စိုက်. . .။ ကောင်မလေးတွေက သူ့ကို စိုက်ကြည့်နေ၏။

မော်ကွန်းထိန်းကလည်း သူ့ကို အဆက်မပြတ်ဆူနေလေသည်။

ဤသို့ဖြစ်ပျက်နေသည့်ကြားမှပင် မျက်ဝန်းတစ်စုံကို သူ သတိထားမိလိုက်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

[၁၅]

နောက်တစ်နေ့တွင် ကျောင်း၌ သတင်းတစ်ခုထွက်လာလေ

ကံသာက ကောင်မလေးသုံးယောက် (ယမင်း၊ ကြည်ဖြ
နေခြည်)တို့အား တစ်ပြိုင်နက် ရည်းစားစကားပြော၍ ကောင်မလေး
များက တိုင်သောကြောင့် မော်ကွန်းထိန်းရုံးခန်းသို့ ရောက်ခြင်းဟူ
ဖြစ်သည်။

"အဲဒီလိုတော့ ကံသာက မလုပ်ကောင်းပါဘူးဟယ်၊ တစ်
ယောက်ဆို တစ်ယောက်ပေါ့၊ ဘယ့်နှယ့် အခုဟာက သုံးယောက်စလုံး
ကို တစ်ပြိုင်နက်ဆိုတော့. . ."

"အေးနော်. . . ကံသာလွန်တာပေါ့"

သူ့ရှေ့မှ ကောင်မလေးနှစ်ယောက်၏ ပြောစကားများကြောင့်
ကံသာမှာ သူမတို့ကို ကျော်တက်ရမလို၊ ပြန်ဆုတ်ရမလိုဖြစ်နေသည်။

သို့သော် သူမတို့ ဘာဆက်ပြောမည်ကို သိချင်သောကြောင့်
သူမတို့ ခပ်လှမ်းလှမ်းအကွာမှ ကပ်လိုက်နေမိ၏။

"ကံသာက အရင်တုန်းက ရိုးရိုးအေးအေးလေးဟဲ့"

"အေးနော်၊ အခု ဘာဖြစ်သွားတာလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှာပေါ့၊ ဟိုသုံးယောက်က သူ့စိတ်ကို သွားဆွပေးတာ ကိုး"

ဗုဒ္ဓေါ. . .။ သူ ရှေ့ဆက်မလျှောက်ရဲတော့။

နောက်ပြန်လှည့်ဖို့ စဉ်းစားလိုက်သည်။

မနေ့က သူတို့ဖြစ်ပျက်ခဲ့သော အကြောင်းအရာသည် ပုံသဏ္ဍာန်တစ်မျိုးဖြင့် သတင်းပျံ့နေပါရောလား. . .။

သူ ဘာလုပ်ရမလဲ. . .။

ဘယ်ဆီသို့ ဦးတည်လျှောက်မိနေမှန်း သူမသိတော့ချေ။

သူ့စိတ်ထဲမှာ ကောင်မလေးသုံးယောက်၏မျက်နှာများက တစ်လှည့်စီပေါ်လာ၏။

မျက်ဝန်းတစ်စုံ. . .။

အခြားအရာတစ်ခု. . .။

သူခေါင်းယမ်းလိုက်သည်။ မဖြစ်သေးဘူး။ ငါက ဘာမှမဟုတ် ဘူး။ သူတို့က ငါ့ကိုနောက်နေတာပဲဖြစ်မှာပါ။

"ကံသာ. . . ကံသာ၊ မင်းကတော့ ရှယ်ပဲကွာ"

ဘေးမှ ကျောင်းသားတစ်ချို့လှမ်းပြောသွားမှုကြောင့် သူ့ အတွေးတွေပြတ်တောက်သွားသည်။

ပတ်ဝန်းကျင်ကိုကြည့်လိုက်မိ၏။

ကင်တင်းတွေနားကို ရောက်နေပါလား။

ကင်တင်းထဲမှ ကျောင်းသား၊ ကျောင်းသူ အချို့က သူ့ကို ဝိုင်းကြည့်နေသည်။

သူရှက်လာ၏။ လွယ်အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ပြီး မျက်နှာ ကိုပွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ဘာမှ မဆိုင်မှန်းတော့ သိသည်။ ဒါပေမဲ့ အားလုံးက ဝိုင်းကြည့်နေ၍ သူ့မှာ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်ကာ လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းဖြစ်သည်။

ယခုထက်ထိ သူ့မှာ မတ်တပ်ရပ်နေဆဲဖြစ်သည်။

"ကံသာ. . .ဘာလုပ်နေတာလဲ"

အနီးမှဖြတ်သွားသော တစ်ယောက်က ပြောသွားမှသာ သူ မတ်တပ်ရပ်နေကြောင်း သတိထားမိသည်။

ထို့ကြောင့် နီးစပ်ရာ ကင်တင်းတစ်ခုကို ဝင်လိုက်၏။

"ထမင်းကြော်တစ်ပွဲ"

ထမင်းကြော်စားရင်းနှင့်အတူ သူ ဆုံးဖြတ်ချက်တစ်ခုချလိုက်သည်။

ကောင်မလေးသုံးယောက်ထဲမှ တစ်ယောက်ယောက်ကို သူ ချစ်တော့မည်ဆိုတာပင် ဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၁၆]

"ဒီကိစ္စကို အချစ်အဖွဲ့က လုပ်တာပဲဖြစ်မယ်"

"ဟုတ်တယ်၊ ငါလည်း အဲဒီလိုပဲ ထင်တယ်"

ကြည်ဖြူစကားကို ယမင်းနှင့် နေခြည်တို့က ထောက်ခံသည်။

"သူတို့ ဘာစိတ်ကူးနဲ့ ဒီလိုလုပ်တာလဲ မသိဘူးနော်"

"တစ်ခုခုတော့ ရှိမယ်ထင်တယ်"

"အင်း"

စကားမပြောဖြစ်ဘဲ ငြိမ်သက်သွားကြသည်။

ယမင်းက စားလက်စ ထမင်းကြော်ပန်းကန်ကို စားချင်သလိုလို မစားချင်သလိုလိုနှင့် ယူစားနေ၏။

နေခြည်က အအေးပိုက်ကို လိမ်နေပြီး ကြည်ဖြူက တစ်ရှူးကို နှုတ်ခမ်းဖြင့် ကိုက်နေ၏။

"ငါတို့ ဘာဆက်လုပ်ကြမလဲ"

နေခြည်က မေးသည်။

"ငါ့အထင်ပြောရရင် သူတို့ဖက်က တစ်ခုခုလှုပ်ရှားလိမ့်မယ် ထင်တယ်"

www.burmeseclassic.com

ww.burmeseclassic.com



"ဘာကိုလဲ"

"ငါတို့ကို ဆက်သွယ်တာထို့ ဘာတို့ပေါ့"

"သူတို့က အဲဒီလိုလုပ်ပါ့မလား"

"သူတို့က အဲဒီလိုလုပ်နေကျတဲ့။ ငါ သူများတွေဆီက ကြားတာ"

တိတ်ဆိတ်သွားပြန်သည်။

ကင်တင်းရှိ အခြားဝိုင်းများ၏စကားသံများလည်း တိတ်ဆိတ်သွားသည်ဟုထင်မိ၏။

"သူတို့ ငါတို့ကို ဆက်သွယ်လာရင် ဘာလုပ်ကြမလဲ"

ယမင်း၏အမေးကြောင့် ကျန်သည့်နှစ်ယောက်မှာ ယမင်းအား စိုက်ကြည့်လိုက်၏။

"နင့်မှာ ဘာအကြံရှိလို့လဲ"

နေခြည်က ယမင်းအား မေး၏။

"ငါတို့က သူတို့ကို ကံသာနဲ့ ပတ်သက်တဲ့အကြောင်းအရာ တစ်ခုများ လုပ်နိုင်းမလားလို့"

သူမတို့ စိတ်ဝင်စားသွားကြသည်။

"ပြောပါဦး. . . ဘယ်လိုမျိုးလဲ"

"ငါတို့က သူတို့ကို ဘယ်သူတွေလဲလို့ သိချင်တာမှတ်လား"

"အင်းလေ"

"ဒီတော့. . . ငါတို့ဆီက ပစ္စည်းတစ်ခုခု (ငါမှမဟုတ်) အမှတ်အသားတစ်ခုခုလာယူနိုင်းပြီး ကံသာကို သွားပေးပေးပါဆိုတာမျိုးဆိုရင် ရော"

"အို"

www.burmeseclassic.com

www.burmeseclassic.com


သူမတို့ စိတ်တွေလှုပ်ရှားလာသည်။ စကားပြောသံတွေက လည်း တက်ကြွလာ၏။

"ဒါဆို ငါတို့ဆီက ဘာတွေလာယူနိုင်းမလဲ"

"အဲဒါတော့ နည်းနည်းစဉ်းစားရမယ်"

ယမင်းက စားလက်စထမင်းကြော်ပန်းကန်အား သူ့ရှေ့မှ တွန်းထုတ်လိုက်သည်။

နေခြည်က ကျန်နေသော အအေးအား ဂွီဂွီထိမြည်အောင် ပိုက်ဖြင့် စုပ်လိုက်ပြီး တစ်ရှုးတစ်ရှုက်ယူလိုက်၏။

"ငါသိပြီ"

ကြည်ဖြူ့စကားကြောင့် သူမတို့ အကြည့်တွေက ကြည်ဖြူ အပေါ်စုပုံသွားကြသည်။

ကြည်ဖြူက တစ်ရှုးပေါ်မှ သူမနှုတ်ခမ်းရာလေးအား ကြည့် ရင်း. . .

"ပထမဦးဆုံး ငါတို့မေဂျာက ဆရာရဲ့အိတ်ထဲက လက်ကိုင် ပဝါကို ယူနိုင်းမယ်"

"ပြီးတော့"

"ပြီးတော့ အဲဒီလက်ကိုင်ပဝါနဲ့ နေခြည်ရဲ့နှုတ်ခမ်းနီရာလေး ကို လာယူရမယ်"

"အို"

နေခြည်မှာ ရင်တလှပ်လှပ်ဖြစ်သွားသည်။ ကြည်ဖြူက ဆက် ပြော၏။

"ပြီးတော့ ယမင်းရဲ့လက်ရေးနဲ့ Hello ဆိုတဲ့ စာသားကို လက်ကိုင်ပဝါပေါ်မှာ လာရေးနိုင်းရမယ်"

www.burmeseclassic.com

ww.burmeseclassic.com



"အင်း. . . မိုက်တယ်"

"နောက်ဆုံး ငါရဲ့ Paper I စာအုပ်ကြားထဲမှာ အဲဒီ လက်ကိုင်ပဝါကို ညှပ်ပြီး ကံသာကို သွားပေးပေးရမယ်"

"နင်တော်တယ် ကြည်ဖြူ"

ယမင်းနှင့် နေခြည်က ကြည်ဖြူအား ချီးကျူး၏။

သူမတို့ မတွေးမိသော အတွေးဖြစ်သည်။ ဒီအတိုင်းဆိုလျှင် အချစ်အဖွဲ့က သူမတို့မသိဘဲနှင့် နှုတ်ခမ်းနီရာ၊ လက်ရေးနှင့် Paper I စာအုပ်တို့ကို ယူ၍မရနိုင်။

"ဒါဆို ငါတို့ သူတို့ကို သိတော့မှာပေါ့"

"အေးပေါ့"

"ဒါနဲ့ ငါမေးရဦးမယ်။ နင်တို့မေဂျာက ဆရာဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

"ဟယ်. . . နင်ကလည်း ငါတို့မေဂျာမှာ ဒေါ်သအရမ်းကြီးတဲ့ ဆရာဦးမြတ်စိုးကို ပြောတာပေါ့"

"နင်က ဘာစိတ်ကူးနဲ့ ဆရာရဲ့ လက်ကိုင်ပဝါကို ယူခိုင်းရတာလဲ"

"သူတို့ ယူရတာ မလွယ်ဘူးထင်လို့ လုပ်ခိုင်းဖို့ စိတ်ကူးမိတာပါ"

"ဒါဆို ငါတို့က သူတို့ကို ဆရာ့လက်ကိုင်ပဝါယူပြီး ငါတို့ဆီ ရောက်လာမှ စပြီးစောင့်ဖမ်းရမှာပေါ့"

"ဒါပေါ့"

"ဟေး. . . ဟေ့ ကောင်းတယ်"

ထိုစဉ် ဟန်းဖုန်းမြည်သံထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ သုံးယောက်လုံး၏ ဖုန်းမှာ အသံအတူတူပဲဖြစ်သော ကြောင့် ဘယ်သူ့ဖုန်းမြည်တာလဲဟု အိတ်ထဲသို့ကြည့်လိုက်ကြ၏။

"ငါ့ဖုန်းက မြည်တာ"

နေခြည်၏ ဖုန်းဖြစ်နေသည်။

"ဘယ်သူလဲ မသိဘူး"

ပြောလည်းပြော ဖုန်းကိုလည်း ဖွင့်လိုက်၏။

"ဟယ်လို"

တစ်ဖက်မှ ပြန်ထူးသံကြားရ၏။

"ကျွန်တော်တို့ပါ . ."

ရင်ထဲက အလိုလိုသိလိုက်သည်။ ယောင်ယမ်းပြီး စကားပြော ခွက်ကို လက်နှင့်ပိတ်ဆိုက်သည်။

ဘေးမှ ယမင်းနှင့် ကြည်ဖြူတို့အားလည်း 'အချစ်အဖွဲ့'ဟု တိုးတိုးလေးကပ်ပြောလိုက်၏။

ထို့နောက် နေခြည်က အားလုံးကြားရအောင် ဟန်းဖုန်းစပီကာ ဖွင့်လိုက်သည်။

"ဟယ်လို. . . ကျွန်မတို့ ပြောနေပါတယ်"

"ဟုတ်ကဲ့. . . ကျွန်တော်တို့ အချစ်အဖွဲ့ကပါ"

ချိုသာအေးမြသော ယောကျ်ားတစ်ယောက်အသံကို ကြား လိုက်ရ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

•

## [၁၇]

"အဲဒီကိစ္စကို လုပ်ပေးနိုင်မလားမသိဘူး"

သူမတို့ဆီက အမှတ်အသားတစ်ခုစီကို ကံသာအား ပေးချင်သည်ဟု ပြောလိုက်ခြင်း ဖြစ်သည်။

နေခြည်၏စကားအဆုံးတွင် တစ်ဖက်ဖုန်းမှ ဘာမှပြန်ပြောသံ မကြားရချေ။

စဉ်းစားနေပုံရသည်။

ခဏကြာမှ–

"ကောင်းပြီလေ. . . ကျွန်တော်တို့ လုပ်ပေးပါ့မယ်"

"ဒါဆို ဘယ်တော့ ပေးပေးမှာလဲ"

"မနက်ဖြန်ပေးပေးပါ့မယ်"

"ရှင်"

ဒီလောက်ထိ မြန်ဆန်လိမ့်မယ်လို့ မထင်မိ၍ ပြန်မေးလိုက်ခြင်းဖြစ်သည်။

"မနက်ဖြန် ကျွန်တော်တို့ ကံသာကို ပေးပေးပါ့မယ်"

သူမတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

www.burmeseclassic.com

ww.burmeseclassic.com



ထိုနောက် ခေါင်းညိတ်လိုက်ကြ၏။

နေခြည်က. . .

"ကောင်းပြီလေ၊ ဒါဆို မနက်ဖြန်ပေါ့"

"ဟုတ်ကဲ့ မနက်ဖြန်ပါ"

ပြောပြောဆိုဆို ဖုန်းအဆက်အသွယ်ပြတ်တောက်သွား၏။

"ဖုန်းချသွားတာ"

"သူတို့ ဖုန်းနံပါတ်ကို ပြန်ခေါ်ကြည့်ပါလား"

"ဘာဖြစ်လို့လဲ"

"ဪ. . . ဘယ်ကလဲလို့ သိရတာပေါ့"

"ငါကတော့ မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူတို့ အများသုံးတယ်လီဖုန်းက ဆက်တယ်လို့ထင်တယ်"

"အင်း. . . ဖြစ်နိုင်ပါတယ်လေ။ သူတို့ ဒီလောက်ထိ မအပါဘူး"

"ကဲ. . . ဘာပဲပြောပြော၊ သူတို့ ငါတို့ဆီကို မနက်ဖြန်လာမှာပဲ"

သက်ပြင်းကိုယ်စီချမိကြ၏။

မနက်ဖြန်သည် သူတို့အတွက်လား။ ဒါမှမဟုတ် အခြားသူတွေအတွက်လား။ သေချာတာတစ်ခုတော့ ရှိသည်။

သူမတို့ ရင်ခုန်နေ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

မေဂျာ၏ စိတ်အတိုဆုံးဆရာဦးမြတ်စိုးသည် ကျောင်းဖယ်ရီဖြင့် ကျောင်းသို့နေ့စဉ်လာ၏။

သူနှင့်အတူ လက်ဆွဲအိတ်တစ်လုံးပါ၏။

ထိုလက်ဆွဲအိတ်ထဲတွင် သူ့နာမည်အတိုကောက်ပါသော လက်ကိုင်ပဝါတစ်ထည်ရှိ၏။

ထိုလက်ကိုင်ပဝါလေးအား သူတို့အဖွဲ့မှ စတင်ယူရမည် ဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

## [၁၈]

ကျောင်းဖယ်ရီကားပေါ်မှ ဆရာဦးမြတ်စိုး ဆင်းလာ၏။ ဆရာ့ပုံစံမှာ အမြဲတမ်းစိတ်တိုနေပုံပေါက်နေသောကြောင့် ကျောင်းသား၊ ကျောင်းသူတော်တော်များများက ဆရာ့အား လန့်ကြ၏။

မထင်ရင် မထင်သလို လူရှေ့မရှောင်ဘဲ ထင်ရာစွတ်ပြီး ဆူတတ်သောကြောင့်လည်း ဆရာ့အားပို၍ ကြောက်ကြသည်။

"ဆရာ့ အိတ်ပေးလေ၊ ကျွန်တော် ကိုင်လာခဲ့မယ်"

ဆရာဦးမြတ်စိုး ဖယ်ရီပေါ်မှဆင်းပြီး တစ်လှမ်းနှစ်လှမ်းပဲ လျှောက်ရသေးသည်။

ကျောင်းသားလေးတစ်ယောက်က သူ့အိတ်အားကိုင်လာပေးသည်ဟု ခွင့်တောင်း၏။

နေ့စဉ် ဒီလိုပဲကြုံရာ ကျောင်းသား၊ ကျောင်းသူများက သူ့အိတ်ကိုဆွဲကာ သူနှင့်အတူ ရုံးခန်းထဲသို့ လိုက်ပါလာတတ်၏။

"ရပါတယ်ကွ"

"ပေးပါဆရာ၊ ကျွန်တော် သယ်လာပေးပါ့မယ်"

ဆရာဦးမြတ်စိုးမှာ မငြင်းတော့ဘဲ သူ့အိတ်ကို ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသားလေးက သူ့အိတ်ကိုကိုင်ကာ ဘေးနားမှ ကုပ်ကုပ်ကလေးလိုက်လာ၏။

“ဘယ်မေဂျာကလဲကွ”

“ဓာတုဗေဒကပါ ဆရာ”

“ြော်. . . အေး”

ဤသို့ဖြင့် လမ်းမှာတွေ့သော ဆရာ၊ ဆရာမများနှင့် ကျောင်းသားကျောင်းသူများကို နှုတ်ဆက်ရသေးသည်။

ဖယ်ရီကွင်းနှင့် သူ့ရုံးခန်းမှာ အတန်ငယ်ဝေးသောကြောင့် လမ်းနည်းနည်းလျှောက်ရသည်။

ဆရာဦးမြတ်စိုးမှာ သူ့အိတ်အား ကိုင်လာပေးသော ကျောင်းသားလေးအား လိမ္မာစွာနေထိုင်ရန်၊ စာကြိုးစားရန် စသည်ဖြင့် ဆုံးမရင်း သူ့ရုံးခန်းသို့ လျှောက်လာခဲ့၏။

ကျောင်းသားမှာ ‘ဟုတ်ကဲ့. . . ဟုတ်ကဲ့’ဟုသာ ပြန်ပြောသည်။

ခဏကြာသောအခါ ရုံးခန်းထဲသို့ ရောက်လာ၏။

ဆရာဦးမြတ်စိုးနောက်မှနေ၍ အိတ်ကိုင်လာသော ကျောင်းသားလေးက ဝင်လိုက်လာ၏။

ဆရာဦးမြတ်စိုးဝင်လာသောအခါ စာရေးမလေးနှစ်ယောက်က မတ်တပ်ရပ်ပြီး အရိုအသေပေးသည်။

ထိုစဉ်. . .

ရုံးခန်းမှ ဖုန်းမြည်လာ၏။

နီးစပ်ရာ စာရေးမလေးတစ်ယောက်က ကောက်ကိုင်လိုက်သည်။

“ဟယ်လို”

www.burmeseclassic.com

www.burmeseclassic.com



"... ... ..."

"ဩော်... ခဏလေးပါရှင်"

ဟု ဆိုပြီး စာရေးမလေးက ဆရာဦးမြတ်စိုးအား

"ဆရာ... ဖုန်းလာနေတယ်"

ဟု လှမ်းပြောသည်။

ဆရာဦးမြတ်စိုးမှာ ရုံးခန်းထဲသို့ဝင်ခါနီး ခြေလှမ်းများ ရပ်တန့်သွားသည်။

သူ့နောက်မှပါလာသော ကျောင်းသားလေးသည်လည်း တန့်သွား၏။

"ဘယ်သူတဲ့လဲ"

"ဆရာ့မိန်းမ တဲ့"

သူ မျက်မှောင်ကြုတ်လိုက်၏။ သူ့မိန်းမက ကျောင်းကို တစ်ခါမှ ဖုန်းမဆက်ဖူး၍ အထူးအဆန်းဖြစ်နေသည်။

သို့သော်လည်း ဖုန်းကိုင်လိုက်ရသည်။

"ဟယ်လို"

"......"

"ဩော်... အေး ပြော"

"......"

တစ်ဖက်မှ ဘာပြောသည်မသိ။ ဆရာဦးမြတ်စိုးမှာ ခေါင်း တဆတ်ဆတ်ညိတ်နေ၏။

"ဘာလဲ နင့်မျက်မှန်နဲ့ ငါ့မျက်မှန် မှားလာလို့လား"

"......"

"နေပါဦး... နင့်အသံက ဘာဖြစ်နေတာလဲ"

www.burmeseclassic.com

ww.burmeseclassic.com



"......"

"ဖျားနေတာ..ဟုတ်လား၊ ငါ့အိမ်ကထွက်လာတုန်းက နင်က အကောင်းကြီးပါ"

"......"

"ဩော်...အေး၊ ထားလိုက်ပါတော့၊ ဆေးသောက်လိုက် နော်"

"......"

"ခဏကိုင်ထားဦး၊ ငါ့မျက်မှန်ကိုကြည့်လိုက်ဦးမယ်"

ဖုန်းကိုဘေးမှာ ချထားပြီး သူ့အိတ်ကို အခုထိကိုင်ထားဆဲဖြစ် သော ကျောင်းသားလေးအား လှမ်းပြောလိုက်၏။

"ဆရာ့အိတ်ကိုဖွင့်ပြီး အထဲက ဆရာ့မျက်မှန်လေး ထုတ်ပေး စမ်းပါ"

ကျောင်းသားက အိတ်ကိုဖွင့်ပြီး မျက်မှန်ဗူးအား လှမ်းပေး၏။

ဆရာဦးမြတ်စိုးက သူ့မျက်မှန်ဗူးအား ဖွင့်ကြည့်ပြီး ဘေးနား မှာ ချထားသော ဖုန်းအားကောက်ကိုင်လိုက်ပြန်သည်။

"မမှားပါဘူး...ငါ့မှာပါလာတာက ငါ့မျက်မှန်ပါ၊ နင့်မျက်မှန် ကို သေချာပြန်ရှာပါဦး၊ အခန်းထဲမှာများရှိမလား မသိဘူး"

"......"

"အေး...အေး၊ ရှာကြည့်လိုက်ဦး၊ ဆေးလည်းသောက်ဦး နော်"

ဆရာဦးမြတ်စိုးက ဖုန်းချလိုက်ပြီး–

"ဆရာ့မိန်းမက သူ့မျက်မှန်ကို ဆရာမှားယူလာတယ်ထင်ပြီး လှမ်းဆက်တာ"

www.burmeseclassic.com

ww.burmeseclassic.com



ဟုပြောကာ သူ့အိတ်ကိုင်လာသော ကျောင်းသားအား ကြည့်လိုက်ပြီး . .

"ဩော် . . . အေး၊ ကျေးဇူးပဲကွာ"

ဟု ဆိုလိုက်ပြီး သူ့အိတ်ကိုသူ လှမ်းယူလိုက်သည်။

ကျောင်းသားကလည်း အိတ်ကို ရိုရိုသေသေကမ်းပေး၏။

"သွားလိုက်ပါဦးမယ် ဆရာ"

"ကောင်းပါပြီ"

ကျောင်းသားမှာ ရုံးခန်းထဲမှ အပြင်သို့လှည့်ထွက်လိုက်၏။

သူ့လက်ထဲတွင် လက်ကိုင်ပဝါလေးတစ်ထည်ပါလာလေသည်။

ဆရာဦးမြတ်စိုးအိတ်ထဲတွင်ကား သူအသင့်ယူလာသော ပုံစံတူ လက်ကိုင်ပဝါလေးတစ်ထည်ပြန်ပါသွား၏။

သူလဲယူလိုက်သည်ကို ရုံးခန်းထဲက တစ်ယောက်မှ သတိမထားမိလိုက်ချေ . . ။

ရုံးခန်းနှင့် ခပ်လှမ်းလှမ်းရောက်သောအခါ ကျောင်းသားတစ်ယောက်နှင့် တွေ့၏။

"ဘယ်လိုလဲ"

ဟု ထိုကျောင်းသားက လှမ်းမေးသည်။

"အဆင်ပြေပါတယ်။ ဖုန်းဆက်တဲ့ အကွက်လေးကလည်း ကောင်းတာကိုးကွ"

"ကဲ . . . ဒါဆို၊ နောက်တစ်ခုဆက်လုပ်လိုက်ရအောင်"

■

www.burmeseclassic.com

ww.burmeseclassic.com

ဒုတိယအနေဖြင့်

ထိုလက်ကိုင်ပဝါလေးဖြင့်

နေခြည်ဝိုင်၏နှုတ်ခမ်းနီရာလေးအား

ယူရမည်

(သို့မဟုတ်)

ထိုလက်ကိုင်ပဝါလေးပေါ်တွင်

ယမင်း၏ လက်ရေး HELLO ဟူသော စာသားအား

ယူရမည်

(သို့မဟုတ်)

ကြည်ဖြူလင်းမို့၏ Parer I စာအုပ်အား အရင်ယူရမည်။

www.burmeseclassic.com

www.burmeseclassic.com

[၁၉]

ယနေ့သည် သူမတို့သုံးယောက်အတွက် စိတ်လှုပ်ရှားစရာ အကောင်းဆုံးနေ့ ဖြစ်သည်။ ဘယ်သွားသွား ဘယ်လာလာ မလွတ်လပ်ယသို့ ခံစားနေရသည်။

နေခြည်ပိုင်က နှုတ်ခမ်းနီအနီရောင်လေးဆိုးထားသည်။

ကြည်ဖြူကတော့ သူ့ စာအုပ်ကြီးကို ပိုက်လျက်ပင်။

အခြေအနေအားလုံးသည် မနက်ပိုင်းအထိ အေးအေးဆေးဆေးပင်ဖြစ်သည်။

"ကင်တင်းသွားရအောင်။ ပြီးရင် ငါ အင်္ဂလိပ်စာကျူတိုရီရယ် သွားဖြေရဦးမယ်"

ဟု ယမင်းက ကျန်နှစ်ယောက်ကို ပြောလိုက်၏။

"သွားလေ၊ နင်ပြီးရင် ငါတို့မေဂျာကိုလာခဲ့ပေါ့ ငါစောင့်နေမယ်"

ကြည်ဖြူက ယမင်းကိုပြောပြီးနောက် နေခြည်ဖက်လှည့်ကာ

"နေခြည် ငါနဲ့လိုက်မှာလား"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆရာမတစ်ယောက်ဆီ သွားရဦးမယ်၊ ပြီးရင် လာခဲ့မယ်"

"ကောင်းပြီ. . . အခုကင်တင်းသွားကြတာပေါ့"

ကင်တင်းဆီသို့ ဦးတည်ကြသည်။

ကြည်ဖြူက ရုတ်တရက်သတိရသွားပြီး

"ဟဲ့. . . ငါတစ်ခုမှာရဦးမယ်"

"ဘာလဲ"

"ငါတို့က ကင်တင်းသွားပြီးသွားရင် တစ်ကွဲတစ်ပြားစီသွားစရာရှိတယ်ဆိုတော့. . ."

"အဲဒါ ဘာဖြစ်လဲ"

"သူတို့ ဝင်လာနိုင်တယ်လေ"

"အင်း ဟုတ်တယ်နော်"

"အဲဒီတော့ ငါတို့ ကိုယ့်ကိုကိုယ်ပဲ သေသေချာချာ ဂရုစိုက်ရမယ်"

"ဟုတ်တယ်"

ဟု ကြည်ဖြူ့စကားကို အားလုံးက တခဲနက် ထောက်ခံလိုက်ကြသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## [၂၀]

အခန်းထဲသို့ သူမရောက်သောအခါတွင် လူတော်တော်များနေပြီဖြစ်သည်။ ကျူတိုရီယယ်အချိန်ဖြစ်သောကြောင့် ကျောင်းသားကျောင်းသူများ စုံနေကြခြင်းဖြစ်သည်။

"ယမင်း. . . ဒီလာလေ"

သူမ သူငယ်ချင်းတစ်ယောက်က လှမ်းခေါ်၍ သူမအနားမှာဝင်ထိုင်လိုက်သည်။

ခဏကြာသောအခါတွင် ဆရာမရောက်လာကာ ကျူတိုရီရယ်စာအုပ်များဝေကာ မေးခွန်းများကို ကျောက်သင်ပုန်းပေါ်တွင်ရေးပေး၏။

"ကဲ. . . စဖြေမယ်"

အတန်းတစ်တန်းလုံး ငြိမ်သက်သွားသည်။

သူမက ကျောက်သင်ပုန်းပေါ်မှ မေးခွန်းကို ဖတ်ကြည့်လိုက်သည်။

အိုကေ။ သူမ ဖြေ၍ရသော မေးခွန်းများပင် ဖြစ်သည်။ ထို့ကြောင့် အဖြေအချို့အား ခပ်သွက်သွက်လေး ရေးချလိုက်၏။

www.burmeseclassic.com

ww.burmeseclassic.com



A......

B......

C......

ဖြေလို့ကောင်းတုန်းရှိနေစဉ်တွင် သူမ အနောက်မှတစ်ယောက်က လက်လှမ်းတို့၏။

သူမ ဆရာမကို လှမ်းကြည့်လိုက်သည်။

ဆရာမက သူမတို့ အတန်းနှင့် ခပ်ဝေးဝေးရောက်နေသည်။

"ဘာလဲ"

အနောက်ကို အနည်းငယ်စောင်းပြီး မေးလိုက်၏။

"ငါ့ကို နည်းနည်းလောက်ပြောပြပါဦး"

တစ်ခါတစ်ခါ ကျူတိုရီရယ်မှာ အဲဒီလိုပဲ ဖြစ်တတ်သည်။

မကူညီလို့ကလည်း မဖြစ်။

ထို့ကြောင့် . . .

"ဘယ်အပုဒ်လဲ"

ခေါင်းက အနောက်ဖက်ကိုလှည့်လို့မဖြစ်။ ဆရာမ မြင်သွားလျှင် တစ်မျိုးထင်နိုင်သည်။

ထို့ကြောင့် ခပ်စောင်းစောင်းလေးလုပ်ကာ တိုးတိုးလေးမေးလိုက်ရ၏။

နောက်မှ တစ်ယောက်ကလည်း မေးခွန်းပြန်ဖတ်နေပုံရသည်။ ပြီးမှ . . .

" H ရယ်၊ J ရယ်၊ O ရယ်"

မေးခွန်းက အဖြေမှန်တစ်ခုကိုသာ ရွေးချယ်ခိုင်းသော မေးခွန်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမ လှမ်းကြည့်နေသည်။

သူမ ရှေ့ပြန်လှည့်လိုက်သည်။

"ငါ့ခဲဖျက်မှာ မေးခွန်းရယ်၊ ရွေးရမယ့်ဂဏာန်းရယ်ကို ရေးပေးပါလား"

နောက်ဖက်မှ တိုးတိုးလေးပြောပြန်သည်။

သူမ ခေါင်းငြိမ့်လိုက်သည်။

ထို့နောက် အနောက်မှလူသည် ခဲဖျက်တစ်ခုလှမ်းပေးသည်။

သူမက ထိုခဲဖျက်ပေါ်တွင် သူမေးသောအဖြေအား ရေးချလိုက်သည်။

H 3

J 1

O 4

ရေးပြီးနောက် ခဲဖျက်ပြန်ပေးသလိုလို ဘာလိုလိုနှင့် နောက်ဖက်သို့ လှမ်းပေးလိုက်၏။

"ကျေးဇူးပဲ"

"ရပါတယ်"

သူမ အရှေ့ပြန်လှည့်လိုက်သည်။

ခဏအကြာတွင် ကျူတိုရီယယ်ဆရာမက အချိန်စေ့ပြီဖြစ်ကြောင်း ကြေညာ၏။

ခုနက မေးသောသူကို လှည့်ကြည့်လိုက်သောအခါ ဘယ်သူမှ မရှိတော့။

ဘယ်အချိန်က ထွက်သွားမှန်းပင်မသိလိုက်ချေ။

■

www.burmeseclassic.com

ww.burmeseclassic.com

[၂၁]

ထိုအချိန်လောက်တွင် နေခြည်မှာလည်း သူမတွေ့ချင်သော ဆရာမနှင့် တွေ့အပြီး ပြန်လာသောအချိန်ဖြစ်၏။

ရူပဗေဒအဆောင်ဘေးမှလမ်းသည် လူသွားလူလာနည်းလှသည်။ ထို့ကြောင့် လမ်းပေါ်တွင် လူတစ်ယောက်စ နှစ်ယောက်စလောက်ပဲ တွေ့ရသည်။

ရုတ်တရက် သူမ နှုတ်ခမ်းကို ကိုင်လိုက်မိ၏။

နှုတ်ခမ်းနီရာကိစ္စကို သတိရသွား၍ဖြစ်သည်။

ယခုအထိ အချစ်အဖွဲ့က သူမ၏နှုတ်ခမ်းနီရာကို မယူနိုင်သေးပေ။ လာယူမည်ဆိုပါကလည်း သူမ,သိအောင် ယူမှဖြစ်မည်။

အဲဒီအခါ သူတို့ကို တွေ့ရမည်။ တွေးမယ့်သာတွေးရသည်။ သူတို့မှာ သူမတို့ မသိနိုင်တဲ့နည်းလမ်းများရှိမလား မသိဘူး။

သူ့နောက်မှ ကျောင်းသူတစ်ချို့၏ စကားပြောသံတွေကြောင့် အတွေးများ ပြတ်တောက်သွားသည်။

သူမ ရှေ့ခပ်လှမ်းလှမ်းမှာတော့ ကျောင်းသားသုံးယောက်က ခပ်မှန်မှန်လမ်းလျှောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့. . . မြွေ. . . မြွေ"

သူ့နောက်မှ ကျောင်းသူတစ်ယောက်အော်သံကြောင့် သူလန့်သွားသည်။

မြွေဆိုရင် သူမအသည်းအသန်ကြောက်တတ်သည်။

ဆတ်ကနဲ အောက်ကိုငုံ့ကြည့်လိုက်သည်။

မြွေတစ်ကောင်. . .။

သူမခြေထောက်နားမှာ. . .။

အော်သံများ. . .။

ဘာမှမကြားရတော့. . .။ သူမ သတိလစ်သွားသည်။

သူ့နောက်မှ ကောင်မလေးတစ်ချို့၏ 'ဟဲ့. . . ဟဲ့ ဟိုမှာ မူးမေ့လဲသွားပြီ လုပ်ပါဦး' ဟူသည့် အော်သံကိုပဲ နောက်ဆုံးကြားလိုက်ရသည်။

သူမ လဲကျရာနေရာသို့ ကောင်မလေးတစ်ချို့ ပြေးလာကြသည်။

"ကိုက်သွားလား မသိဘူး"

"မကိုက်မိပါဘူးဟဲ့၊ အကြောက်လွန်ပြီး မေ့သွားတာပါ"

"မြွေရော"

ကောင်မလေးတစ်ယောက်က မြွေကိုလိုက်ရှာ၏။

"မတွေ့ဘူးဟဲ့၊ ပြေးသွားပြီထင်တယ်"

"အဲဒါ အသာထားပါဦး၊ ဒီမှာ ဘယ်လိုလုပ်မလဲ"

နေခြည်ပိုင်းအား မွေ့ထားသော ကောင်မလေးက လှမ်းမေးသည်။

"ရှူဆေးပါလား"

"ဟယ်. . . ငါတို့မှာ ဘယ်ပါမလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဒါဆို ဘယ်လိုလုပ်မလဲ"

ထိုစဉ်–

"ကျွန်တော့် လက်ကိုင်ပဝါလေးမှာ ရာပန်းဆီပွတ်ထားတယ်။ သူ့နှာခေါင်းနားတော့ပေးလိုက်ရင် ကောင်းမယ်ထင်တယ်"

ကောင်လေးတစ်ယောက်၏ ချိုသာသောအသံကို ကြားလိုက်ရ၏။

"ဪ. . . ဟုတ်ကဲ့ရှင့်"

ထိုကောင်လေးက ကောင်မလေး၏ နှာခေါင်းနားသို့ လက်ကိုင်ပဝါကပ်လိုက်၏။

"အင်း"

လူးလွန့်သံတစ်ချက်ကြားလိုက်ရ၏။

"ကျွန်တော့်မှာ နောက်ထပ် ရာပန်းဆီပွတ်ထားတဲ့ လက်ကိုင်ပဝါတစ်ထည်ပါသေးတယ်ဗျ။ ယူထားလိုက်လေ"

ကောင်လေးက သူ့အိတ်ထဲမှ နောက်ထပ်လက်ကိုင်ပဝါတစ်ထည်ထုတ်လိုက်သည်။

"ရော့"

ဟု လှမ်းပေးသည်။

ထို့နောက် လက်ကိုင်ပဝါအဟောင်းအား အိတ်ထဲထည့်ကာ ထွက်သွားလေ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၂၂]

သူမသည် သူမ၏ Paper I စာအုပ်လေးအား ကြည့်နေမိသည်။ ပန်းကြိုက်တတ်သောကြောင့် သူမ၏ Note Book ဗလာစာအုပ်တိုင်းလိုလိုတွင် ပန်းပုံလေးများပါတတ်သည်။

ယခု Paper I ၏ မျက်နှာဖုံးသည်လည်း အဖြူရောင်နောက်ခံတွင် နှင်းဆီပန်းသုံးပွင့်ကို ရိုးရိုးလေးပုံဖော်ထား၏။

သူမ တစ်ချက်ပြုံးလိုက်သည်။

ဒီနေ့ အချစ်အဖွဲ့မှ ဒီစာအုပ်ကို လာယူတော့မည်။

သူမ တွေ့ချင်သော သူတို့အဖွဲ့နှင့် တွေ့ရတော့မည်။

သို့သော် သူတို့အဖွဲ့က သူမ မသိအောင် ဒီစာအုပ်ယူသွားရင်ရော။

မဖြစ်နိုင်ပါဘူးလေ။ သူမက ဒီစာအုပ်ကို မခွဲမခွာကိုင်ထားမှာပဲဥစ္စာဟု တွေးမိလိုက်သည်။

"ဘုတ်"

ရုတ်တရက်ကြားလိုက်ရသောအသံကြောင့် သူမ လန့်သွားသည်။

www.burmeseclassic.com

ww.burmeseclassic.com



"ဘုတ် . . . ဘုတ်"

သူမတစ်ယောက်တည်းမဟုတ်ဘဲ အတန်းသားအားလုံးကပါ ထိုအသံကို ကြားလိုက်ရသည်။

"ဘုတ်. . . ဘုတ်"

အသံထပ်ထွက်လာပြန်သည်။

ထို့ကြောင့် . . .

သူမ အပါအဝင် အတန်းသားအားလုံးက ထိုအသံဘယ်က လာတာလဲဟု လိုက်ရှာနေမိ၏။

မတွေ့ . . .။

"Black Board နောက်က ထင်တယ်"

ကျောင်းသားတစ်ယောက်က ထင်မြင်ချက်ပေးသည်။

ဟုတ်သည်။ အသံသည် Black Board နောက်က ထွက်လာနေခြင်းဖြစ်သည်။ သို့သော် ထိုအသံလာရာဆီကို သွားကြည့်ဖို့ တစ်ယောက်မှ မလှုပ်ကြ။

အားလုံးငြိမ်သက်ပြီး နားထောင်နေမိကြသည်။ သွားကြည့်လျှင် တစ်ခုခုဖြစ်မှာစိုးသောကြောင့်လည်း ဖြစ်သည်။

"ဘုတ်"

အသံသည် တဖြည်းဖြည်းကျယ်လာသလို ခံစားရသည်။

အတန်းထဲရှိ သူမအပါအဝင် ကျောင်းသား ကျောင်းသူတော်တော်များများသည် ကြောက်လန့်လာ၏။

သို့သော် အားလုံး၏ စိတ်ထဲတွင် 'ဘာလဲဟ' ဟူသော သိချင်စိတ်ကလည်း ရှိနေကြသည်။ ဘယ်သူမှလည်း ထမကြည့်ချင်ကြ။

ထိုစဉ် –

www.burmeseclassic.com

ww.burmeseclassic.com



ကောင်လေးတစ်ယောက် မတ်တပ်ထရပ်သည်။

အားလုံး၏အကြည့်များက သူ့ဆီရောက်သွားသည်။

ထိုကောင်လေးသည် Black Board ရှိရာ Stage စင်ပေါ်သို့ အေးအေးဆေးဆေးလျှောက်သွား၏။

အားလုံးမျက်တောင်မခတ်ဘဲ သူ့ကို ကြည့်နေမိကြသည်။

"ဘုတ်"

အသံကလည်း ခပ်မှန်မှန်ထွက်နေ၏။

ကောင်လေးသည် Black Board ရှေ့တွင် ရပ်လိုက်သည်။

ထို့နောက် Black Board ကို ခေါက်ကြည့်လိုက်၏။

"ဒေါက်. . . ဒေါက်"

အသံများ အနည်းငယ်တိတ်သွားသည်။

Stage ပေါ်ကတော့ ပြန်မဆင်းသေးချေ။

ထိုစဉ် . . .

"ဖျတ်"

နေ့ခင်းကြောင်တောင် အချိန်တွင် အခန်းမီးအချို့ လင်းလာသည်။

"ဟင်"

"အို"

အားလုံး အံ့သြသွားသည်။ မီးခလုတ်ရှိရာဆီသို့ အားလုံး ကြည့်လိုက်သည်။

ဘယ်သူမှ မတွေ့ရ. . .။

အားလုံး ထိတ်လန့်စပြုလာကြသည်။

ဘယ်သူမှ မဖွင့်ဘဲ မီးတွေ ဘာလို့လင်းလာတာလဲ။

www.burmeseclassic.com

ww.burmeseclassic.com



စတိတ်ပေါ်မှ ကောင်လေးသည်လည်း စတိတ်ပေါ်မှာ ရပ်လျက်ပင်။ သူလည်း တော်တော်လေး အံ့ဩနေပုံရသည်။

အတန်းထဲရှိ ကျောင်းသား၊ ကျောင်းသူများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ ဒီနေ့အတန်းထဲမှာ ဘာဖြစ်နေတာလဲ။

ဆရာမလည်း အခုထိရောက်မလာသေး။

Black Board နောက်မှ မီးအနီရောင်လင်းလာပြန်သည်။

တိုင်ပင်ထားခြင်းမရှိဘဲ သူမအပါအဝင် အတန်းသားအားလုံး မတ်တပ်ရပ်လိုက်ကြသည်။

အံ့ဩခြင်းနှင့်အတူ သိချင်စိတ်ကလည်း ပြင်းထန်လာသည်။

သူမတို့က အခန်းရဲ့ရှေ့ဆုံးအတန်းဖြစ်သောကြောင့် Black Board နောက်မှ မီးရောင်တောက်တောက်ကို သေချာမြင်နေရသည်။

ကျောင်းသား ကျောင်းသူများ သူတို့အတန်းနားသို့ တဖြည်းဖြည်းရောက်လာကြသည်။ ရှေ့ဆက်မတိုးရဲသူများက သူတို့အတန်းမှာ ဝင်ထိုင်လိုက်ကြသည်။

"ဘာတွေလဲ မသိဘူးနော်"

"နင်တက်ကြည့်ပါလား"

"တက်ကြည့်ရဲပါဘူး၊ သရဲဆို ဒုက္ခ"

တစ်ယောက်တစ်ပေါက် အသံများနှင့် ဆူညံသွားသည်။

တစ်ချို့က သူတို့အတန်းနားမှာ. . .

တစ်ချို့က စတိတ်စင်ပေါ်ရောက်သွားသည်။

သူမလည်း စတိတ်စင်ပေါ်ရောက်သွား၏။

ခုနက Black Board ကို ခေါက်ကြည့်သော ကောင်လေးက

www.burmeseclassic.com

ww.burmeseclassic.com



"ငါ Black Board ပေါ်တက်ကြည့်မယ်"

ဟု ပြောသည်။

"ဖြစ်ပါ့မလား"

သူ့သူငယ်ချင်းတစ်ယောက်က သတိပေးသည်။

"ဖြစ်ပါတယ်ကွ၊ ဒါတစ်ယောက်ယောက်နောက်ထားတာ ထင်တယ်"

အားလုံးက သူ့စကားကို လက်ခံလိုက်သည်။

သို့သော် သူတို့ ဘယ်လိုနောက်ထားတာလဲဟု သိလည်း သိချင်နေကြသည်။

ထိုကောင်လေးတက်ရန်အတွက် အားလုံးက ကူညီကြသည်။

ဖျတ်ခနဲ ဖျတ်ခနဲပင် ကောင်လေးသည် Black Board အပေါ်သို့ရောက်သွား၏။ သူမအပါအဝင် အားလုံးက သူ့အား သတိလက်လွှတ်ငေးနေမိကြ၏။

"ငါမပြောဘူးလား နောက်ထားတာပါလို့"

ကောင်လေးက အားလုံးကြားရအောင် အော်ပြောသည်။

"ဘယ်လိုလုပ်ထားတာလဲ"

အတန်းသားတစ်ယောက်က လှမ်းမေးသည်။

"မီးကို အဝေးကနေ ဖွင့်လို့ ပိတ်လို့ရအောင် လုပ်ထားတာ"

"ဒါနဲ့ ဘုတ်. . . ဘုတ်လို့ မြည်တာကျတော့ရော"

"အဲဒါက"

ကောင်လေးက Black Board နောက်သို့ သေချာကြည့်ပြီး ၏။

ယခု သူပြောပုံအနေအထားဆိုရင် လုပ်ထားသူသည် Black

www.burmeseclassic.com

www.burmeseclassic.com



Board နောက်တွင် ခဲရာခဲဆစ်တပ်ဆင်ရပေမည်။

"ဟာ. . ဒီမှာ ကြိုးတစ်ချောင်းဟာ"

ကောင်လေးက အဝေးကနေကြည့်လျှင် ဘယ်သူမှ သတိမထားမိသော အနက်ရောင်ကြိုးမျှင်မျှင်လေးတစ်ချောင်းကို ပြလိုက်၏။

ကြိုးသည် Black Board နောက်မှထွက်ကာ ပြတင်းပေါက်မှနေ၍ အောက်ဖက်သို့ဆင်းသွား၏။

"အဆောင်အောက်က တစ်ယောက်ယောက်က ကြိုးဆွဲတဲ့အတွက် အထဲမှာ သူတို့ဆင်ထားတဲ့ဟာက Black Board ကို မှန်မှန်ကြီးရိုက်ပြီး 'ဘုတ်. . . ဘုတ်' လို့ မြည်တာပဲ"

"ဘာဖြစ်လို့ အဲဒီလိုလုပ်ထားရတာလဲ"

"ဩော်. . . တစ်တန်းလုံးကို လန့်သွားအောင်လို့ နောက်ထားတာဖြစ်မှာပေါ့"

"အေးဟယ်. . . ပေါက်ပေါက်ရှာရှာ"

အတန်းတစ်တန်းလုံးသည် ငြင်းခုန်သံ၊ စကားပြောသံတွေနှင့် ဆူညံသွားသည်။

လုပ်ထားသူသည် တော်တော်လေး ကြံကြံဖန်ဖန်လုပ်ထားတာဖြစ်မည်။ သူ့အကြံအောင်မြင်သည်ဟု ဆိုရပေမည်။

မည်သို့ဆိုသော် အားလုံး ထိတ်လန့်သွားသောကြောင့် ဖြစ်သည်။

"ဟဲ့ ကလေးတွေ၊ ဘာလုပ်နေကြတာလဲ"

ထိုစဉ် ဆရာမ ဝင်လာ၏။

အားလုံး ကိုယ့်နေရာကို အသီးသီးပြန်ထိုင်လိုက်ကြသည်။

သူမလည်း သူ့နေရာသူ ဝင်ထိုင်လိုက်၏။

ရုတ်တရက် သူမ၏ Paper I စာအုပ်ကို သတိရသွားသည်။

www.burmeseclassic.com

ww.burmeseclassic.com



ခုနက အထိတ်တလန့်ဖြစ်တုန်း စာအုပ်အား ဘယ်မှာထားမိမှန်း မသိသော ကြောင့်ဖြစ်သည်။ သို့သော် သူမ၏ စာအုပ်တွေကြားထဲတွင် Paper I စာအုပ်အား အခန့်သားတွေ့လိုက်ရ၏။

"ဟူး. . . တော်ပါသေးရဲ့"

အဖြူရောင်နောက်ခံ နှင်းဆီပန်းသုံးပွင့်ပုံစံက သူမကို ဆီးကြို နေလျက်. . .။

ဆရာမ စာသင်ပြီး ခဏအကြာတွင် အခန်းရှေ့တွင် ယမင်း နှင့် နေခြည်တို့အား တွေ့လိုက်ရ၏။ ခဏလေးပြီးတော့မယ်ဟု အချက် ပြလိုက်ပြီး စာဆက်သင်နေလိုက်၏။

■

www.burmeseclassic.com

ww.burmeseclassic.com

[၂၃]

"ရော့ . . . ဒီမှာ ကိုကြီးအတွက် စာအုပ်"

ကလေးတစ်ယောက်က ကံသားအား စာအုပ်တစ်အုပ်လာပေးနေ၏။

ကံသာက

"ဘာစာအုပ်လဲကွ"

ဟု အူကြောင်ကြောင်နှင့် ပြန်မေးလိုက်၏။

"သားလဲ မသိဘူး။ ယူထားလိုက်။ နောက် နှစ်နာရီကျော်ရင် သားလာပြန်ယူမယ်နော်"

ကလေးမှာ ငါးနှစ် ခြောက်နှစ်လောက်ရှိပြီဖြစ်သည်။

သူ့ကို စာအုပ်အတင်းထိုးပေးနေ၏။

"ရော့ . . . ယူလေ"

"အေး . . . ဒါဆိုလဲ ပေးလေ"

"သား နောက်နှစ်နာရီနေရင် လာပြန်ယူမှာနော်"

"အေး . . . လာပြန်ယူ"

ကလေးက စာအုပ်ပေးပြီး ချက်ချင်းထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ကံသာက ကလေးပေးသွားသော စာအုပ်ကို ကြည့်လိုက်၏။

"ဟင်"

သူ အံ့ဩသွား၏။

ကြည်ဖြူလင်းမို့ Paper I .... ဟု နာမည်တပ်ထားတာကို တွေ့လိုက်ရ၍ ဖြစ်သည်။

တဆက်တည်းပင် စာအုပ်အား ဖွင့်ကြည့်လိုက်သည်။ အထဲတွင် လက်ကိုင်ပဝါတစ်ထည်အား တွေ့လိုက်ရ၏။

သေချာကြည့်သောအခါတွင် လက်ကိုင်ပဝါပေါ်၌ နှုတ်ခမ်းနီရာတစ်ခုနှင့် HELLO ဟူသော စာသားလေးအား တွေ့လိုက်ရသည်။

■

www.burmeseclassic.com

www.burmeseclassic.com

[၂၄]

"သူတို့ ငါတို့ဆီကို မလာရဲတော့ဘူး ထင်တယ်"

သူမတို့ ကင်တင်းကို ရောက်သောအချိန်မှာ နှစ်နာရီကျော်ဝန်းကျင်ရှိပြီဖြစ်သည်။

ခဏနေလျှင် သူမတို့ အိမ်ပြန်ရတော့မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နေခြည်က ထိုသို့ စပြောခြင်းဖြစ်သည်။

ထို့နောက် သူတို့တွေ ထိုကိစ္စကို မေ့သွားပြီး တစ်နေကုန်တွေ့ကြုံလာသမျှကို ပြန်ပြောဖြစ်ကြ၏။ နေခြည် မှုးလဲ၊ ကြည်ဖြူ၊ အတန်းသရဲခြောက်၊ ယမင်း ကျူတိုရီရယ်ဖြေ စသည်တို့အပါအဝင် ထွေရာလေးပါးပြောမိကြ၏။

ထိုစဉ်

ဖုန်းသံမြည်လာ၏။

သုံးယောက်စလုံး ကိုယ့်အိတ်ကိုယ်ကြည့်မိကြ၏။

ယမင်း၏ ဖုန်းဖြစ်သည်။

"ဟယ်လို"

ဟုထူးတော့ တစ်ဖက်မှ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ပါ"

ဟု ပြန်ပြော၏။

ယောကျ်ားတစ်ယောက်အသံဖြစ်၏။

ယမင်းက ကျန်နှစ်ယောက်အား မျက်ရိပ်ပြလိုက်ပြီး Hand Phone Speaker အား ဖွင့်လိုက်၏။

"ရှင်တို့ ကျွန်မတို့ ပြောထားတာ အခုထိ လာမယူသေးဘူးလား"

ယမင်းက ဖုန်းထဲမှ (အချစ်အဖွဲ့ဟုဆိုသော) သူအား လှမ်းမေးလိုက်သည်။

"ကျွန်တော်တို့ ယူပြီးသွားလို့ ကံသာကိုတောင် ပေးပြီးသွားပြီ"

"ရှင်"

အားလုံးအထိတ်တလန့်ဖြစ်သွားကြသည်။

မဖြစ်နိုင်ဘူး. . .။ သူတို့ လိမ်နေတာပဲ။

"ဟာ. . . ဒါ. . . ဒါ ရှင်တို့ လိမ်နေတာပဲ မဖြစ်နိုင်ဘူး"

"ဒါဆို တစ်ခုပြောပြမယ်"

"ပြော"

"ကြည်ဖြူရဲ့ Paper I စာအုပ်ရှိသေးလား မရှိတော့ဘူးလား ဆိုတာ ပြန်ကြည့်လိုက်ပါ"

ထိုစကားကြောင့် ကြည်ဖြူမှာ သူမကိုင်ထားတဲ့ စာအုပ်တွေကို အလန့်တကြားကြည့်မိ၏။

တွေ့တယ်။

သူမ၏ နှင်းဆီပန်းသုံးပွင့်နဲ့ Paper I စာအုပ်. . .။

"ဒီမှာ ကျွန်မလက်ထဲမှာ ရှိတယ်ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



"စာအုပ်ကို ဖွင့်ကြည့်လိုက်ပါ"

"ဘာ"

"အဲဒီ စာအုပ်ကို ဖွင့်ကြည့်လိုက်ပါလို့"

ကြည်ဖြူက သူမ၏ Paper I စာအုပ်ကို ဖွင့်ကြည့်လိုက်၏။

"ဟင်"

အထဲမှာ စာတစ်လုံးမှ မရှိဘူး ဖြစ်နေသည်။ သူမ စာအုပ်နှင့် တူသော ဗလာစာအုပ်အလွတ်ကြီး ဖြစ်နေသည်။

"ကဲ. . . ကျွန်တော်တို့ ယူသွားတယ်ဆိုတာကို သိပြီလား"

ကြည်ဖြူမှာ အခုမှပင် တရေးရေးပေါ်လာ၏။

"ဒါဆို အစန်းထဲမှာ မီးတွေလင်းအောင်လုပ်ထားတာ ရှင်တို့ပေါ့"

"ဒါပေါ့"

"အဲဒီအချိန်မှာ ရှင်တို့က စာအုပ်လဲသွားတာပေါ့"

"ဒါပေါ့"

ဖြေပုံကိုက အမြင်ကတ်စရာကောင်းနေသည်ဟု ကြည်ဖြူ စိတ်ထဲတွေးမိသည်။

နေဦးပေါ့။ နောက်မှတွေ့မယ်ဟု စိတ်ထဲတေးထားလိုက်သည်။

"ဒါ. . . ဒါဆို နှုတ်ခမ်းနီရောရော"

နေခြည်က သူ့နှုတ်ခမ်းလေးကိုင်ကာ ဝင်မေး၏။

"ခင်ဗျား မူးလဲသွားတဲ့အချိန်မှာ ယူလိုက်တယ်။ အဲဒါကိုတော့ ခွင့်လွှတ်ပါဗျာ"

"အို"

နေခြည်မှာ ဘာမှပြန်မပြောဖြစ်ပဲ ကြက်သေသေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မူးလဲအောင် ရှင်တို့ပဲ လုပ်လိုက်တာထင်တယ်"

"ခွင့်လွှတ်ပါ၊ အဲလိုမှမလုပ်ရင် ခင်ဗျားရဲ့နှုတ်ခမ်းနီရာကို ဘယ်လိုမှ ယူလို့ မရလို့ပါ"

တစ်ဖက်မှ တောင်းပန်စကားပြော၏။

ထိုစဉ် –

ယမင်းက သူ့အပိုင်းအတွက် ဝင်မေးပြန်သည်။

"ဒါဆို HELLO ဆိုတဲ့ ကျွန်မလက်ရေးရော"

မေးသာ မေးလိုက်ရသည် သူမမှာ အားမရှိတော့။

"ကျုပ်တို့ရှိရယ်အခန်းထဲမှာ ခဲဖျက်နဲ့ စာမေးတာမှတ်မိလား မသိဘူး"

"အင်း. . . မှတ်မိတယ်"

"အဲဒီ ခဲဖျက်ပေါ်မှာ ခင်ဗျားရေးပေးတဲ့ ဂဏန်းတွေကို လက်ကိုင်ပဝါပေါ်မှာ တံဆိပ်တုံးထုသလို ထုလိုက်တာပေါ့"

"ကျွန်မရေးပေးလိုက်တာ HELLO မှ မဟုတ်ဘဲ"

"တံဆိပ်တုံးထုရင် ပြောင်းပြန်တွေဟာ အတည့်ပေါ်တယ် ဆိုတာ မေ့နေတယ်ထင်တယ်"

"ဘယ်လို"

"ခင်ဗျားရေးပေးတာက H 3 J I O 4 မှတ်လား"

"အင်း"

"အဲဒီတော့ H က H ပဲရိုက်တာအမှန်ထွက်တယ်"

"......"

"E အတွက် က 3 ကို ရိုက်တယ်လေ၊ ပြောင်းပြန်ပေါ့။ L နှစ်လုံးအတွက်ကတော့ J ကိုအပေါ်က အတန်းလေးဖျက်ပြီး ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရိုက်တာပေါ့၊ O ကတော့ အို ပဲလေ"

သူမတို့သုံးယောက်မှာ ဘာမှ ပြန်မပြောနိုင်ဘဲ ငြိမ်သက်နေသည်။

ဘာမှ ပြန်ပြောစရာမရှိဘူးဟုလည်း ခံစားရသည်။

သူတို့ ပြောသွားတာ ပြည့်စုံနေမှပဲ။

သူတို့အဖွဲ့အား လျော့တွက်လို့မရဟု သူမတို့ သုံးယောက်စလုံး လက်ခံလိုက်ရသည်။

"ဩော် ဒါနဲ့၊ ကျွန်မ စာအုပ်ကို ဘယ်လိုလုပ်မလဲ"

ကြည်ဖြူက သူ့စာအုပ်အား ဘယ်လိုပြန်ရမလဲဟု ဝင်မေးသည်။

"အင်း. . . အဲဒါပြောမလို့ပါ"

"ကျွန်မရဲ့ Paper I အတန်းချိန်က သန်ဘက်ခါမှာရှိတယ်"

ကြည်ဖြူသည် အခုမှ သူမစာအုပ်ပျောက်သွားမှာ စိုးရိမ်နေ၏။

"လွယ်လွယ်နဲ့တော့ မရဘူးဗျ"

လုပ်ပြီဟု သူမတို့သုံးယောက် သိလိုက်ကြသည်။

"အဲဒီတော့"

ကြည်ဖြူက မေးလိုက်၏။

"ကောင်းပြီလေ။ ခင်ဗျား စာအုပ်ရှိမယ့်နေရာကို ပြောပြမယ်။ စာအုပ်ထဲမှာ လိုက်မှတ်ထားပါလား"

"စာအုပ်ရှိမယ့် နေရာကိုလား"

"ဟုတ်တယ်"

ကြည်ဖြူက နီးစပ်ရာ စာအုပ်တစ်အုပ်ကို လှမ်းဆွဲလိုက်၏။

"ပြောတော့ ရပြီ"

www.burmeseclassic.com

www.burmeseclassic.com



တဖက်မှ လူက သူ့စကားအား တဖြည်းဖြည်း အေးအေး ဆေးဆေး တစ်လုံးချင်းစီပြော၏။

"လူရှည်ကြီးတစ်ယောက်ဆီမှာ 28000 ရှိတယ်။ အဲဒီအထဲက Pg 4 မှာရှိတဲ့ အဆောင်ရဲ့ Pg 410 အထပ်မှာ ချစ်ဖူးတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်။ သူ့ကို ခါးတို့ပြီးတော့ (၁) ပန်းပန်ထားလား (၂) ဘာတွေလဲ (၃) ဟိုတစ်ကောင်ရော (၄) ဘယ်ကိုလဲဆိုတဲ့ မေးခွန်းလေးခုကို မေးကြည့်ပါ။ ခင်ဗျား စာအုပ်ဘယ်မှာလဲ သိရပါလိမ့်မယ်"

ပြောပြောဆိုဆို ဖုန်းချသွားသည်။

ထို့နောက် သူမတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြ၏။

■

www.burmeseclassic.com

www.burmeseclassic.com

# [၂၅]

သူမတို့ကလည်း မခေပါဘူး။

သူတို့ ပြောသွားသောနေရာကို စတင်စဉ်းစားကြည့်၏။

"လူရှည်ကြီးတစ်ယောက်ဆိမှာ 28000 ရှိတယ်တဲ့"

ယမင်းက အခြားသူတွေကို မေးသံလိုလို၊ သူ့ဘာသာသူ ပြောသလိုလိုနှင့် ပြော၏။

နေခြည်က

"ငါထင်တာ တစ်ခုတော့ရှိတယ်"

"အင်း. . . ပြောပါဦး"

ကြည်ဖြူနဲ့ ယမင်းတို့က နေခြည့်စကားကို နားထောင်နေလိုက်သည်။

"သူတို့ ပေးတဲ့အထဲမှာ Pg ဆိုတာပါတယ်နော်"

"အေးလေ"

"အဲဒါ စာမျက်နှာပဲဖြစ်ရမယ်"

"အေး ငါတို့လည်း အဲဒီလိုပဲထင်တယ်"

"အဲဒီတော့ လူရှည်ကြီးဆိုတာ ဘာဖြစ်မယ်ထင်လဲ"

www.burmeseclassic.com

www.burmeseclassic.com


"အင်း"

ထိုနေရာတွင် အနည်းငယ် ရှုတ်ထွေးနေသည်။

အချိန်တော်တော်ကြာသည်အထိ စဉ်းစားမရဖြစ်နေသည်။

"ကဲ. . . စဉ်းစားမရလဲ ငါနဲ့အတူ အတန်းလိုက်တက်ဟာ"

နေခြည်က ကျွန်နှစ်ယောက်ကို သူနဲ့အတန်းလိုက်တက်ရန် ဆွယ်လိုက်၏။

နှစ်ယောက်ကလည်း ဘာမှလုပ်စရာမရှိသောကြောင့် နေခြည်နှင့် အတန်းလိုက်တက်မည်ဟု ပြောသည်။

နေခြည်တို့ အတန်းရောက်သောအခါတွင် ဆရာမ စာစသင်နေပြီဖြစ်သည်။

သူမတို့သုံးယောက် ဆရာမကို ခွင့်တောင်းပြီး ဆရာမနှင့် အနီးဆုံးအတန်းတွင် ဝင်ထိုင်လိုက်သည်။

ဆရာမသည် အင်္ဂလိပ်စာ ဆရာမဖြစ်သည်။

စာအသင်အပြကောင်းသောကြောင့် သူ့အတန်းချိန်တွင် ကျောင်းသား ကျောင်းသူများ ပြည့်နေတတ်သည်။

ခဏကြာသောအခါတွင် ယမင်းက နေခြည့်အား လက်တို့လိုက်၏။

"ဘာလဲ"

"ဟိုမှာ"

နေခြည်က ယမင်းပြရာနေရာဆီသို့ ကြည့်လိုက်၏။

ဘာမှမတွေ့ ။

"ဘာကို ပြောတာလဲ"

"ဆရာမ စာအုပ်လေ"

www.burmeseclassic.com

www.burmeseclassic.com


နေခြည်နှင့်အတူ ကြည်ဖြူကပါ လိုက်ကြည့်သည်။

ယမင်းညွှန်ပြသည်မှာ ဆရာမရှေ့တွင်ချထားသော ဒေရှင်နရီ အသေးလေးဖြစ်သည်။

"အဲဒါဘာဖြစ်လဲ"

"ဒေရှင်နရီ နာမည်ဖတ်ကြည့်လေ"

နေခြည်က ဒေရှင်နရီနာမည်ကို လှမ်းကြည့်သည်။

LONGMAN DIRECTIONARY

"အို"

သူမတို့ ရင်ခုန်သွားသည်။

LONGMAN ဆိုတာ လူရှည်ကြီးလို့လည်း အဓိပ္ပာယ် ရတာပဲ။

ဒီလိုဆို သူတို့ဆိုလိုတာ LONGMAN DIRECTIONARY စာအုပ်ပေါ့။

ဆရာမအတန်းချိန်ပြီး သောအခါတွင် သူမတို့မှာ မအောင့်အီး နိုင်တော့ပဲ ဆရာမထံမှ စာအုပ်ခဏငှားလိုက်ကြ၏။

ဆရာမကလည်း သဘောကောင်းသည်။ သူမတို့ကို တစ်ရက် နှစ်ရက် လောက်ယူထားဟု ဆိုသည်။ စာအုပ်ရသောအခါတွင် စာအုပ် ကိုကြည့်မိလိုက်ကြ၏။

စာအုပ်ပေါ်တွင် စကားလုံးပေါင်း 28000 ဟု အဓိပ္ပာယ်ရသည့် အင်္ဂလိပ်စာတန်း တစ်ခုကိုတွေ့ရသည်။

"ဟယ် ကွက်တိပဲ၊ သူတို့ပြောတာ စကားလုံး 28000 ပါတဲ့ လောင်းမန်း ဒေရှင်နရီဖြစ်မယ်"

"ဟုတ်တယ်"

www.burmeseclassic.com

ww.burmeseclassic.com


ကြည်ဖြူရဲ့စကားကို နေခြည်က ထောက်ခံသည်။

ဤသို့ဖြင့် သူမတို့ စာအုပ်ကို စတင်ဖွင့်လိုက်ကြသည်။

"သူတို့ပြောတဲ့ စာမျက်နှာ 49"

စာရွက်လှန်သံအချို့ကြားရသည်။

"တွေ့ပြီ. . . စာမျက်နှာ 49 "

"နေပါဦး သူက ဘာပြောထားတာလဲ"

" Pg 49 မှာရှိတဲ့ အဆောင်တဲ့"

"ဟဲ့ တွေ့ပြီ"

"ဘာလဲ"

" စာမျက်နှာ 49မှာ အဆောင်နဲ့ပတ်သက်တဲ့စကားလုံးဆိုလို့ Botany ပဲ ရှိတယ်။ ဒီတော့. . . သူတို့ပြောချင်တာက Botany (ရုက္ခဗေဒ)ဆောင်ပဲဖြစ်မယ်"

"ပြီးတော့"

"Pg 410 ဆိုတော့"

ကြည်ဖြူက စာရွက်အချို့ကို ခပ်သွက်သွက်လှန်လိုက်သည်။

"Pg 410 မှာရှိတဲ့ အထပ်ဆိုတော့. . . ဟော. . . တွေ့ပြီ၊ Second တဲ့၊ ဒါဆို Botany ဆောင်ရဲ့ ဒုတိယအထပ်ကို ပြောတာပဲ"

"အဟိ. . . မိုက်တယ်"

နေခြည်က အချစ်အဖွဲ့ရဲ့ အိုင်ဒီယာလေးကို သဘောကျနေသည်။

သူတင်မဟုတ်ပါဘူး။ ကျန်နှစ်ယောက်လည်း သဘောကျနေ၏။

"ဒါဆိုရင် အဲဒီမှာ ခါးတို့ရင် ယောင်တတ်တဲ့အမျိုးသမီး

www.burmeseclassic.com

ww.burmeseclassic.com



တစ်ယောက်ရှိရမယ်"

"ဟုတ်တယ်"

"ကဲ. . . သွားကြစို့"

လန်းဆန်းမှု၊ တက်ကြွမှု၊ သိလိုစိတ်များနှင့်အတူ Botany ဆောင်သို့ သူတို့တွေ အားလုံးရောက်သွားခဲ့ကြ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## [၂၆]

"နေဦး၊ Botany ဆောင်မှာ ငါ့သူငယ်ချင်းတစ်ယောက်ရှိတယ်၊ ရှာကြည့်လိုက်ဦးမယ်"

ယမင်းရဲ့စကားကြောင့် သူမတို့ အားတက်သွားသည်။ ဟုတ်တယ်လေ။ အူကြောင်ကြောင်ရှာရမယ့်အတူတူ အသိတစ်ယောက်ကို မေးလိုက်တာမှ တော်သေးတာပေါ့။

ကြည်ဖြူမှာ သူမစာအုပ်လေးအတွက် ရင်တထိတ်ထိတ်ဖြစ်နေသည်။ ပျောက်သွားမှာစိုးသောကြောင့်ထက်စာလျှင် သူမတို့ ရှာမတွေ့နိုင်မှာ စိုးသောကြောင့် ဖြစ်သည်။

သေချာတာကတော့ အချစ်အဖွဲ့က သူမစာအုပ်ကို တစ်နေရာရာတွင် ထားထားသည်ဆိုသည့်အချက်ပင် ဖြစ်သည်။

"ဟော. . . ဟိုမှာတွေ့ပြီ၊ ခဏလေး ငါသွားမေးလိုက်ဦးမယ်"

ဟု ယမင်းကပြောကာ အတန်းထဲသို့ လှစ်ခနဲဝင်သွား၏။

ကြည်ဖြူနှင့် နေခြည်မှာ အတန်းရှေ့တွင် ယောင်ပေယောင်ပေနှင့်ကျန်ခဲ့သည်။

ခဏကြာသောအခါတွင် ယမင်းနှင့်အတူ သူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတစ်ယောက်ထွက်လာ၏။

"ဟဲ့. . . ရှိတယ်တဲ့"

ယမင်း၏ ဝမ်းသာအားအသံကြောင့် သူမတို့လည်း ပျော်သွားရသည်။

"ဘယ်သူတဲ့လဲ"

"သူ့နာမည်က ချစ်ဖူးငယ်တဲ့"

"ဟင်. . . ဒါဆို သူတို့ပြောတဲ့ ချစ်ဖူးတဲ့ မိန်းကလေးဆိုတာနဲ့ ကွက်တိပဲပေါ့"

"ဒါပေါ့၊ လာ. . . သွားရအောင်"

သူမတို့ သုံးယောက်ရယ်၊ ခုနက ယမင်းရဲ့သူငယ်ချင်းရယ်တို့သည် ချစ်ဖူးငယ်အတန်းသို့ ဦးတည်လိုက်ကြသည်။

သို့. . . ချစ်ရပါသော ချစ်ဖူးငယ်ဟုပင် ယမင်းက နောက်ပြောင်နေသေး၏။

■

www.burmeseclassic.com

ww.burmeseclassic.com

[၂၇]

"ဟိုမှာ ထိုင်နေတဲ့ ကောင်မလေးလေ"

ယမင်းရဲ့သူငယ်ချင်းက အတန်းထဲမှာ ထိုင်နေသော ကောင်မလေးတစ်ယောက်အား ညွှန်ပြသည်။

"နင်နဲ့ သိလား"

ယမင်းက သူငယ်ချင်းကို ပြန်မေးသည်။

"အေး သိပါတယ်"

"ဒါဆို ငါတို့ကို ဆက်ကူညီပါဦး"

သူမတို့က ချစ်ဖူးငယ်ကို မသိဘဲနဲ့ ချစ်ဖူးငယ် ခါးကိုသွားတို့လို့မကောင်း။ ထို့ကြောင့် သူငယ်ချင်းအား အကူအညီတောင်းရခြင်းဖြစ်သည်။

ယမင်းက သူ့သူငယ်ချင်းအား မေးရမည့် (ပြောရမည့်)စကားတစ်ချို့သင်ပေးလိုက်သည်။

သူမတို့လည်း ထိုသူငယ်ချင်းနောက်မှ ကပ်လိုက်ခဲ့၏။

ချစ်ဖူးငယ် နားအရောက်တွင် ချစ်ဖူးငယ်သူငယ်ချင်းများက သူတို့ကိုမြင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှူး"

ယမင်းရဲ့သူငယ်ချင်းက တိုးတိုးလေးနေဟု ပြော၏။

သူတို့ ကပ်လာသည်ကို ချစ်ဖူးငယ် မသိချေ။

ယမင်းရဲ့ သူငယ်ချင်းက ချစ်ဖူးငယ်အား ခါးတို့လိုက်၏။

တဆက်တည်းပင် မေးခွန်းမေးလိုက်၏။

"ပန်းပန်ထားလား"

"ဂန္ဓမာ"

ချစ်ဖူးငယ်က ကြောင်တောင်တောင်ဖြစ်သွားပြီး စကားအား အဆက်အစပ်မရှိပြန်ဖြေသည်။ ယမင်းသူငယ်ချင်းကလည်း ဆက်မေးသည်။

ချစ်ဖူးငယ်ကလည်း အဆက်အစပ်မရှိ ပြန်ဖြေပြန်၏။

"ဘာတွေလဲ"

"အဟင့်. . . သေသွားတယ်"

"ဟိုတစ်ယောက်ရော"

"စားနေတယ်"

"ဘာကိုလဲ"

"အသည်းပန်းကို. . . အသည်းပန်းကို"

ယမင်း သူငယ်ချင်းက ချစ်ဖူးငယ်အား ခါးတို့နေရင်းမှ ရပ်လိုက်၏။

ချစ်ဖူးငယ်ကလည်း အခုမှ ယမင်းသူငယ်ချင်းကို မြင်သွားပြီး 'ဟဲ့. . . ဘယ်ကလာတာလဲ' ဘာညာနှင့် ပုံမှန်ပြန်ဖြစ်သွားသည်။

ခုနက သူပြောခဲ့သော စကားများကို မမှတ်မိတော့ချေ။

ချစ်ဖူးငယ်နှင့် စကားကောင်းနေသော ယမင်းသူငယ်ချင်းအား

ww.burmeseclassic.com



'ကျေးဇူးပဲ'ဟု နှုတ်ဆက်ပြီး အတန်းထဲမှ ပြန်ထွက်လာခဲ့၏။

သူမတို့မှာ ဆက်လုပ်စရာရှိသေးတယ်လေ။

■

www.burmeseclassic.com

www.burmeseclassic.com

[၂၈]

ယခုအခါ သူမတို့ ဦးတည်ရာအရပ်မှာ 'အသည်းပန်း' ကင်တင်းဖြစ်သည်။

တိုင်ပင်ခြင်း၊ ဆွေးနွေးခြင်းမရှိပါပဲနှင့် သူမတို့ သုံးယောက် နားလည်လိုက်ကြသည်။

ကြည်ဖြူ၏ Paper I စာအုပ်သည် 'အသည်းပန်း'ကင်တင်း တွင် ရှိလိမ့်မည်ဟု . . .

"အန်တီ"

ကြည်ဖြူက အသည်းပန်းဆိုင်ပိုင်ရှင် အဒေါ်ကြီးအား မျက်နှာ ချိုသွေးလိုက်၏။

"ဘာလဲ သမီး"

"ဟို သမီးစာအုပ်လာယူတာပါ"

"ဘာ. . ."

အဒေါ်ကြီးက မျက်မှောင်ကြုတ်၏။

မှားနေပြီထင်တယ်။

"ဟို. . . စာအုပ်လေ၊ သမီးစာအုပ်"

အဒေါ်ကြီးက သက်ပြင်းချလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"သမီးက ကြည်ဖြူလင်းမို့လား"

"ဟုတ်ပါတယ် အန်တီ"

ကြည်ဖြူ့မှာ ဖော်ပြနိုင်စွမ်းမရှိသော ပျော်ပုံမျိုးဖြင့် ပျော်ရွှင်သွားသည်။

"ဩော်. . .အေး၊ လာပေးသွားတယ်ကွဲ့၊ ကောင်လေးက ခပ်ချောချောလေးပဲ"

အဒေါ်ကြီးက စာအုပ်တစ်အုပ်ထုတ်ပေး၏။

ကြည်ဖြူက လှမ်းယူလိုက်ပြီး သူ့စာအုပ် ဟုတ်မဟုတ်စစ်ကြည့်၏။ သေချာသွားတော့မှ . . .

"ကျေးဇူးပဲနော် . . . အန်တီ"

"အေး. . .အေး၊ ရပါတယ်၊ ဩော်. . .ဒါနဲ့"

"ရှင်. . .ဘာဖြစ်လို့လဲ အန်တီ"

"အဲဒီကောင်လေးက မှာလိုက်တယ်။ စာအုပ်ကို သေချာကြည့်ပါတဲ့"

"ဟုတ်. . .ဟုတ်ကဲ့"

ကြည်ဖြူမှာ ယောင်ပြီး စာအုပ်အဖုံးကို သေချာကြည့်မိ၏။

ထူးခြားမှုတစ်ခုမှ မတွေ့ရ။ သို့သော် သူတို့က တမင်သက်သက်တော့မှာသွားမည်မဟုတ်။

"ဟုတ်ကဲ့ . . . သမီးတို့ကြည့်လိုက်ပါ့မယ်"

စာအုပ်ကို ရင်ဝယ်ပိုက်ပြီး သူမတို့သုံးယောက်သည် ကင်တင်းထဲမှ ထွက်လာခဲ့၏။

ရင်ထဲမှာ ပျော်နေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက စကော့တလန်ပြည်မှာ မာဂရက်ဘုရင်မကြီး (Queen Margaret) ဆိုတဲ့ ဘုရင်မကြီးတစ်ယောက်ရှိတယ်။ (၁၂၈၈) ခုနှစ်ရဲ့ တစ်နေ့မှာပေါ့။

အဲဒီ ဘုရင်မကြီးဟာ ပါလီမန်မှာ မိန်းမတွေနဲ့ပတ်သက်တဲ့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းခဲ့တယ်လို့ ဆိုကြတယ်။

ဘာဥပဒေလဲဆိုတော့ . . .

နှစ်ထပ်နှစ်ရဲ့ ဖေဖော်ဝါရီလ (၂၉)ရက်နေ့မှာ မိန်းကလေးတစ်ယောက်က မိမိနှစ်သက်သော ယောကျ်ားလေးတစ်ယောက်ကို ချစ်နှစ်သက်ကြောင်း၊ စေ့စပ်လိုကြောင်း(သို့) ထိမ်းမြားလက်ထပ်လိုကြောင်း စတင်ပြောဆိုနိုင်သည်ဆိုတဲ့ ဥပဒေပါပဲ။

သို့သော်. . ယောကျ်ားမှာ စေ့စပ်ကြောင်းလမ်းပြီးသားရှိရင် ငြင်းပယ်နိုင်တယ်။ သို့မဟုတ်ပါက ထိုယောကျ်ားသည် အခြားမိန်းမကို ရွေးချယ်ပိုင်ခွင့်မရှိပါ။

အကယ်၍များ ထိုယောကျ်ားသည် ထိုအမျိုးသမီးကို လက်မထပ်ပဲ လူပျိုဘဝနှင့် ဆက်၍နေသည်ဆိုပါက ဒင်္ဂါးငွေပေါင်(၁၀၀) ပေးရမည်ဟုလည်းဆိုတယ်။

စကော့တလန်မှ ဤဥပဒေကို ဂျီနိုဝါမြို့နှင့် ဖလော့ရင့်မြို့တို့



မှာ တရားဝင်မဟုတ်သည့်တိုင်အောင် လက်ခံကျင့်သုံးကြသည်ဟုလည်းဆိုကြတယ်။

တကယ်တမ်း ရှာဖွေဖော်ထုတ်ကြည့်သောအခါတွင် ဤဥပဒေမှာ အမှန်တကယ်ပြဋ္ဌာန်းခဲ့သော ဥပဒေမဟုတ်ပါ။ ပုံပြင်တစ်ခုဟုသာ ဆိုကြ၏။

သို့သော် ဤကိစ္စ (ဥပဒေ)ကို နှစ်ပေါင်း၊ ရာပေါင်းများစွာ လက်ခံသုံးစွဲခဲ့ကြတယ်။ ဤတွင် တစ်ခုပြောစရာရှိပါသည်။

ယောကျ်ားများက မိန်းမများသည် နှစ်ထပ်နှစ်၏ ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင် ၎င်းတို့ကြိုက်နှစ်သက်သည့် ယောကျ်ားအား ကြိုက်နှစ်သက်ကြောင်း ဖွင့်ပြောခွင့်ရှိသည်ဟု ဝန်ခံထားတယ်။

သို့သော် ထိုသို့ ပြောဆိုရန်လာသောအခါတွင် အဝေးက မြင်နိုင်သော ကြက်သွေးရောင်အနားပါသည့် ဂါဝန်စကို ဝတ်ဆင်ထားရမည်ဟု စည်းကမ်းသတ်မှတ်ထားကြသည်။

သို့မှသာ လူပျိုများသည် မိမိ မနှစ်သက်သော မိန်းမများ အဆိုပြုရန် ချဉ်းကပ်လာပါက အဝေးကပင် ရှောင်ပြေးနိုင်အောင်ဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

## [၂၉]

"ပြီးသွားပြီလား"

တစ်ဖက်ပါစာကို ဖတ်နေသော ကြည်ဖြူအသံရပ်သွားသောကြောင့် နေခြည်က မေးလိုက်သည်။

ကြည်ဖြူ၏ Paper I စာအုပ်နောက်နားတွင် ၎င်းတို့က တစ်ဖက်ပါ အကြောင်းအရာကို ရေးသားထားခြင်းဖြစ်သည်။

သူမတို့သည် တစ်စုံတစ်ရာကို ရိပ်မိသလိုရှိလာ၏။

သို့သော သေသေချာချာ မသိသေး။

"ဆက်ဖတ်လေ"

ယမင်းက ကြောင်တောင်တောင်ဖြစ်နေသော ကြည်ဖြူ့အား သတိပေးလိုက်သည်။

ကြည်ဖြူ့မှာ သူ့စာအုပ်နောက်ဖက်ကိုကြည့်ပြီး တွေဝေနေ၏။

နေခြည်က စိတ်မရှည်တော့ဘဲ စာအုပ်ကို ဖိုးဖိုးဖတ်ဖတ်ဖွကာ နောက်ဆုံးစာသားအချို့ကို ဖတ်လိုက်၏။

■

www.burmeseclassic.com

ww.burmeseclassic.com



ယင်းဥပဒေအရ . . .

ယခုနှစ်သည် နှစ်ထပ်နှစ်ဖြစ်သောကြောင့်

လာမည့် ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင်

သင်တို့သည် ကံသာအား

ရည်းစား စကားပြောနိုင်သည်။

သင်တို့သုံးယောက်ကို ဘယ်သူမှ အပြစ်ပြောမည်မဟုတ်. . .

ထို့ကြောင့်. . .

လာမည့် ဖေဖော်ဝါရီလ (၂၉)တွင်

ကံသာအား သင်တို့မှစ၍ ရည်းစားစကားပြောပါ။

အကယ်၍များ သင်တို့ထဲမှ

တစ်ယောက်ယောက်က (သို့)

အားလုံးက ကံသာအားရည်းစားစကား

ပြောမည်ဆိုပါက

သင်တို့ သိချင်သည်ဟု ယူဆရသော

ကျွန်ုပ်တို့အဖွဲ့အကြောင်းကို ပြောပြပြီး

သင်တို့ရှေ့သို့ ကျွန်ုပ်တို့ အရောက်လာခဲ့ပါမည်။

ပုံ

အချစ်အဖွဲ့.

www.burmeseclassic.com

ww.burmeseclassic.com

# [၃၀]

စကားလုံးတွေသည် ပျောက်ဆုံးနေသည်။

သူတို့ လုပ်ထားသည့်ကိစ္စသည် ယခုမှ သူတို့ကို စတင် ရစ်ပတ်နေမှန်း သတိထားမိလာသည်။

သူမတို့ သုံးယောက်သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောမိကြပဲ တွေဝေနေကြသည်။

ဘာပြောရမှန်းမသိ. . .။ ဘာလုပ်ရမှန်းမသိ. . .။

ယမင်းက နေခြည့်ကို ကြည့်လိုက်သည်။

သို့သော်. . . ဘာမှ မပြောဖြစ်၊

ကြည်ဖြူလည်း ထိုနည်းအတိုင်းပင်. . .။ ငါတို့ ဘာဆက်လုပ်ကြမလဲဟု တစ်ယောက်နှင့် တစ်ယောက်မမေးရဲသလို ဖြစ်နေသည်။

မနက်ဖြန် (သို့) ဒီနေ့တွင် သူမတို့၏ ဖေဖော်ဝါရီလ (၂၉) ရက် ကိစ္စသည် တစ်ကျောင်းလုံး၌ ပြန့်နှံ့နေတော့မည်ဟု တစ်ဦးနဲ့ တစ်ဦး အလိုလိုသိနေကြသည်။

သူမတို့ သုံးယောက် (သို့) တစ်ယောက်ယောက်က ထိုနေ့မှာ ကံသာကို ရည်းစားစကားပြောရတော့မှာလား။

www.burmeseclassic.com

ww.burmeseclassic.com



သူမတို့ မစဉ်းစားချင်တော့. . .။

“ဒီနေ့ ဘာနေ့လဲ”

ဟု နေခြည်က ကျန်နှစ်ယောက်ကို မေးလိုက်သည်။

“ဖေဖော်ဝါရီလ (၂၄)ရက်နေ့”

ဟု ယမင်းက ပြန်ဖြေ၏။

ကြည်ဖြူက

“ငါတို့ ဘယ်လိုလုပ်ကြမလဲ”

ဟု ထပ်မေးသည်။

အဖြေသည် တစ်ခုတည်းသာဖြစ်၏။

“မသိဘူး”

ဟူ၍ ဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၃၁]

ကံသာသည် နီးစပ်ရာ ဆိုင်တစ်ဆိုင်သို့ မောမောပန်းပန်းဖြင့် လှမ်းဝင်လိုက်၏။

စတိုးဆိုင်မှ ပြန်လာတာဖြစ်သောကြောင့် သူ့လက်ထဲတွင် အထုပ်အပိုးတွေနှင့် ပြည့်နေ၏။

မဝယ်စဖူး ဝယ်လာမိနေသော အင်္ကျီအသစ်၊ ဘောင်းဘီ အသစ်များကြောင့် သူ့ကိုယ်သူ ရှက်သလိုခံစားနေရသည်။

သူသည် အဝတ်အစားများကို အကောင်းကြီးမဝတ်တတ်။ တော်ရုံတန်ရုံသာ ဝတ်ဆင်တတ်သည်။

ယခုမူ ဘာကြောင့်မှန်းမသိ။ အဝတ်အစားအသစ်တွေကို ဝတ်ချင်နေမိသည်။

"အစ်ကို ဘာသောက်မလဲ"

"တွေ့ရာ အအေးဆွဲခဲ့ကွာ"

စားပွဲထိုးလေးက Cola တစ်လုံးလာချ၏။

ရေဆာဆာနှင့် သောက်လိုက်တာ အအေးမှာ တဝက်ကျိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အသံတစ်သံကြားလိုက်ရ၏။

"ဒါ ဘာယ်လိုလုပ်မလဲ၊ ကျွန်မတစ်ကိုယ်လုံးပေသွားပြီ"

သူ တုန်လှုပ်သွားပြီး အသံလာရာသို့ လှည့်ကြည့်လိုက်၏။

ထင်သည့်အတိုင်းပင်။ နေခြည်ဝိုင် ဖြစ်နေသည်။ ဒီတစ်ခါ သူမတစ်ယောက်တည်း ဖြစ်သည်။

"တောင်းပန်ပါတယ် အစ်မရယ်"

"တောင်းပန်တာနဲ့ပဲ ငါက ဒီအတိုင်းကြီး အိမ်ပြန်ရမှာလား"

သူမ ပြဿနာတက်နေ၏။

စားပွဲထိုးကောင်လေး၏ ပေါ့ဆမှုကြောင့် ဟင်းအချို့ သူမ၏ အင်္ကျီပေါ်သို့ ဖိတ်ကျသွားခြင်းဖြစ်သည်။

ဖိတ်ကျသွားသည်မှာ တော်တော်လေးဆိုးပါသည်။

နေခြည်မှာ တော်တော်ဒေါသထွက်နေပုံရသည်။

စားပွဲထိုးကောင်လေးအပြင် ဆိုင်ရှင်အစ်မကြီးပါ လာတောင်းပန်၏။

ဆိုင်ရှင်မှာ စားပွဲထိုးလေးကို ဆူလိုက်၊ နေခြည့်ကို တောင်းပန်လိုက်နှင့် လုံးလည်ချာလည်လိုက်နေသည်။

ကြာလာတော့ နေခြည်မှာ စားပွဲထိုးကောင်လေးကို သနားလာ၍ထင်သည်။

"ရပါတယ်၊ ကိစ္စမရှိဘူး၊ ဖြစ်ပြီးမှပဲ"

"အားနာလိုက်တာ ညီမရယ်"

နေခြည်မှာ သူ့အင်္ကျီလေးကိုကြည့်လိုက်၊ နှာခေါင်းရှုံ့လိုက်နှင့် ဖြစ်နေ၏။

ထိုစဉ် –

www.burmeseclassic.com

www.burmeseclassic.com



"နေခြည်"

နေခြည်မှာ သူ့ကို တစ်ယောက်ယောက်ခေါ်သံကြောင့် မော့ကြည့်၏။

ကံသာကို တွေ့သွားသောအခါ. . .

"အမလေး"

ဟု အော်၏။

ကံသာမှာ ထိတ်ထိတ်လန့်လန့်ဖြစ်သွားပြီး

"ဘာဖြစ်လို့လဲဟင်"

"ဟို. . . ဟို၊ ကြောက်လို့"

နေခြည်မှာ ဖေဖော်ဝါရီ (၂၉)ရက် ကိစ္စအား သတိရသွားပြီး ကံသာကို မကြည့်ရဲဘဲ ဟိုကြည့် ဒီကြည့်လုပ်နေရသည်။

ကံသာမှာ နေခြည်က သူ့ကိုကြောက်သည်ဆို၍ ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်သွားသည်။ ထွက်ပဲသွားရတော့ မလိုလို၊ စကားပဲ ဆက်ပြောရမလိုဖြစ်နေ၏။

နောက်ဆုံး. . .

"ရော့"

ကံသာက နေခြည့်ကို လှမ်းပေးလိုက်သည်။

"ဘာလဲဟင်"

နေခြည်က မဝံ့မရဲ ပြန်မေးသည်။

"အင်္ကျီပါ မိန်းမလည်း ဝတ်လို့ရတဲ့ T shirt ပါ"

"ဘာလုပ်ဖို့လဲ"

"ဟို. . . နေခြည့် အင်္ကျီမှာ ပေနေတာကြည့်မကောင်းဘူး မှတ်လား။ အဲဒါ လဲသွားလိုက်လေ၊ အသစ်ပါ"

www.burmeseclassic.com

ww.burmeseclassic.com



အရေးထဲ ကံသာက အသစ်ဖြစ်ကြောင်း ထပ်တလဲလဲပြော နေသေး၏။

"အဟီး. . . အားနာလိုက်တာ"

"အဟဲ. . . ရပါတယ်ဗျာ"

မသိလျှင် သူတို့နှစ်ယောက်မှာ ပြုံးတမ်းရယ်တမ်းကစား နေသလို ဖြစ်နေသည်။

နေခြည်မှာ ကံသာအကျႌကို မယူလို့လည်းမဖြစ်။ ဒီအတိုင်း ကြီး အိမ်ပြန်ရမှာလည်း နံစော်စော်နှင့်။

မထူးပါဘူးလေဟု တွေးရင်း ကံသာအကျႌကို ယူလိုက်သည်။

"ကျေးဇူးပဲနော်"

"ရ. . . ရပါတယ်"

နေခြည်မှာ အကျႌလဲရန်အတွက် ဆိုင်၏နောက်ဖေးဘက်သို့ ဝင်သွား၏။

ကံသာမှာ ဆက်စောင့်ရမလို၊ ပြန်ရတော့မလိုဖြစ်ရင်း ကျန် ခဲ့သည်။ နောက်ဆုံး သူမကို မစောင့်တော့ဘဲ ထွက်လာခဲ့၏။

■

www.burmeseclassic.com

ww.burmeseclassic.com

# [၁၂]

သူမနောက်သို့ တစ်ယောက်ယောက်က နောက်ယောင်ခံလိုက်နေသည်ဟု ကြည်ဖြူခံစားလာရသည်။ နောက်ဖက်သို့ ဆတ်ခနဲလှည့်ကြည့်လိုက်သော်လည်း တစ်ယောက်မှမတွေ့။

ဒီနေ့ ကျောင်းမသွားချင်သောကြောင့် သူမတစ်ယောက်တည်း မြို့ထဲဖက်သို့ ဈေးဝယ်ထွက်လာခဲ့ခြင်းဖြစ်သည်။

သူမရဲ့အကျင့်အတိုင်း ကားကို တစ်နေရာမှာထိုးကာ မြို့ထဲ၌ ခြေဦးတည့်ရာလျှောက်သွား၍ ဝယ်ချင်ရာဝယ်နေတတ်သည်။

ယခု ကုန်တိုက်တစ်ခုသို့ ဝင်ခါနီးတွင် အဲဒီလိုစိတ်မျိုးခံစားလာရခြင်းဖြစ်သည်။

ကြည်ဖြူသည် ကုန်တိုက်ထဲတွင် ဟိုဟိုဒီဒီလျှောက်ကြည့်နေလိုက်၏။

တစ်ဖက်မှလည်း သူ့နောက်မှ လိုက်လာနေသည်ဟု ထင်သောသူအား လိုက်ရှာနေမိသည်။

ဖျတ်ခနဲအရိပ်တစ်ခုကို တွေ့လိုက်ရသည်။

သေချာပါပြီ။ သူမနောက်ကို တစ်ယောက်ယောက်လိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှန်းတော့ သေချာမသိသေး။

သူ့ကိုစောင့်ဖမ်းရန် ဆုံးဖြတ်လိုက်သည်။

ရှေ့နားတွင် အမျိုးသမီးအဝတ်များသာ ရောင်းသော ဆိုင်တစ်ဆိုင်ရှိ၏။

ဟုတ်ပြီ။ ဒီဆိုင်ထဲကို ငါဝင်လိုက်မယ်။

သူမ ဆိုင်ထဲသို့ လှမ်းဝင်လိုက်သောအခါ နောက်ဖက်သို့ မသိမသာစောင်းငဲ့ကြည့်လိုက်တော့ လူတစ်ယောက် ဟိုကြည့်ဒီကြည့်နှင့် ကျန်ခဲ့သည်ကို တွေ့လိုက်ရသည်။

သူ့ကို သေချာကြည့်လိုက်မိ၏။ သိပ်တော့ မသဲကွဲ။

သို့သော် . . .

သူမ သူ့ကို မြင်ဖူးနေသည်။

ဘယ်မှာ တွေ့ဖူးတာပါလိမ့်။

စဉ်းစားလေ မရလေ ဖြစ်တာကြောင့် မစဉ်းစားတော့ပဲ ဆိုင်ထဲမှာ ခဏကြည့်ပြီး အပြင်ပြန်ထွက်လိုက်သည်။

အပြင်ပြန်ရောက်သောအခါ ထိုလူရှိမနေတော့။

သူဘယ်သူလဲ၊ ဘာကြောင့် ငါ့နောက်လိုက်နေတာလဲ။

သူမခေါင်းထဲမှာ မေးခွန်းတွေ တန်းစီနေသည်။

ဆက်ပြီး ဈေးဝယ်ချင်စိတ်မရှိတော့သောကြောင့် သူမ ကားရပ်ထားရာနေရာသို့ ပြန်လာခဲ့လိုက်သည်။

သူ့ကို ငါတွေ့တော့ တွေ့ဖူးနေတာပဲ။

ကားစက်နှိုးလိုက်သည်။

ငါသေချာစဉ်းစားလိုက်ရင် သူဘယ်သူလဲဆိုတာ သိမှာပဲ။

ကားစထွက်လိုက်၏။

www.burmeseclassic.com

ww.burmeseclassic.com



သို့သော် . . .

သူမ၏ ကားရှေ့မှ လူတစ်ယောက်လိုလို၊ ကားလိုလို မြင်လိုက်ရသောကြောင့် ဘရိတ်ကို ကမန်းကတန်းအုပ်လိုက်သည်။

"ဒုန်း"

ဟူသော အသံကြားလိုက်ရသည်။ ဘာနဲ့ တိုက်မိမှန်းလည်း မသိတော့။ သူမ သတိလစ်သွား၏။

■

www.burmeseclassic.com

ww.burmeseclassic.com

[၃၃]

ယနေ့ ကျောင်းအပြန်သည် ယမင်းဘဝမှာ အပျင်းရိဆုံးဖြစ်သည်ဟု ထင်မိသည်။

နေခြည်က သူ့အဘိုးနေမကောင်း၍ ဆေးခန်းပြစရာရှိလို့ ဆိုပြီး ကျောင်းမလာ. . .။

ကြည်ဖြူကတော့ ဘာကြောင့်မှန်းမသိ. . .။

သူမ နာရီကိုကြည့်လိုက်၏။

(၃း၃၀) ဖြစ်သည်။ ထို့ကြောင့် ဘေးမှ ဒိတ်ကိုလည်းကြည့်မိလိုက်၏။

ဖေဖော်ဝါရီလ (၂၆)ရက်နေ့. . .။

သူမ စိတ်တွေ ရှုတ်ထွေးသွားသည်။ (၂၉)ရက်ရောက်လို့ နှစ်ရက်ကျော်ကျော်လောက်လိုသေးသည်။

အခုထိ သူမတို့ သုံးယောက်သည် (၂၉)ရက်နေ့အတွက် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ချက်မချရသေး။

တကယ်တော့. . .

သူမတို့ အဲဒီနေ့အတွက် ဘာမှစိတ်ပူနေစရာမလိုပါ။

www.burmeseclassic.com

ww.burmeseclassic.com



ကံသာကို မကြိုက်ရင် မပြောရုံသာရှိသည်။ အချစ်အဖွဲ့ကို မသိရရုံကလွဲ၍ ဘာမှမဖြစ်ပေ။

သို့သော် သူမတို့ စိတ်ထဲမှာ လေးလံနေသလို ခံစားရသည်။

ဘာမှန်းတော့ သေချာမသိကြ။

ဖယ်ရီကားရပ်သွား၏။ ပတ်ဝန်းကျင်သို့ ကြည့်လိုက်သည်။

"ကားပျက်ပြန်ပြီ ထင်တယ်"

သူမ ထင်သည့်အတိုင်းပင် ဖယ်ရီကား ပျက်သွား၏။

နေခြည်နှင့်ကြည်ဖြူပါလျှင် ကားငှားဖြစ်ချင်ဖြစ်မည်။ သို့သော် ယခုတစ်ယောက်တည်းမို့ မငှားချင်တော့ပဲ ကားပြင်ပြီးတဲ့အထိ စောင့်နေတော့မည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်ချို့တွေက ကားပေါ်မှ ဆင်းသူဆင်း၊ မုန့်စားသူစားနှင့် ရှုပ်နေသည်။

သူမသာတစ်ယောက်တည်း အတွေးဝင်နေပြီး ဘာမှမလုပ်ဘဲ ကားပေါ်မှာ ထိုင်နေလိုက်၏။

ထိုစဉ်

ဂစ်တာသံကို ကြားလိုက်ရသည်။

လွန်စွာငြိမ့်ညောင်းသော ဂီတာသံနှင့်အတူ လွန်စွာအေးမြသောသီချင်းသံက သူမ၏ အာရုံတစ်ခုလုံးကို ဆွဲငင်ယူသွားသည်။

သံစဉ်တွင် အလွမ်းတွေ တွေ့ရသလို. . .

ဂီတတွင် အနမ်းတွေ လွင့်နေသလိုလို . . .

ကား၏အပြင်မှ သူမငေးနေသော သစ်ပင်တို့သည် လှုပ်ယမ်းနေသလို သူမရင်ထဲမှာလည်း သီချင်းသံကြောင့် ယိမ်းထိုးနေသည်။

သူမမှာ မနေနိုင်တော့ပဲ သီချင်းဆိုတဲ့လူကိုကြည့်လိုက်၏။

www.burmeseclassic.com

ww.burmeseclassic.com



"ဟင်"

သူမ အံ့ဩသွားသည်။

ကံသာသည် ဖယ်ရီကားပေါ်တွင် သူမအား ကျောပေးလျက် သီချင်းဆိုနေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

[၃၄]

# (. . . အထူးကုဆေးရုံ)

ဆေးရုံထဲသို့ ဝင်ဝင်ခြင်းပင် နေခြည်နှင့်ယမင်းက Recep-tion သို့ အပြေးကလေးသွားလိုက်သည်။

"ဟို. . . ကြည်ဖြူလင်းမို့ရဲ့ အခန်းနံပါတ်လေးသိချင်လို့ပါ"

"ခဏလေးနော်"

ဟု ဆိုကာ–

ကောင်မလေးတစ်ယောက်က ကွန်ပျူတာမှ ခလုတ်တစ်ချို့ နှိပ်လိုက်သည်။

"506 ပါ။ ဒီဖက်ကနေ ဓာတ်လှေကားနဲ့ တက်သွားလို့ရပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲနော်"

သူမတို့ ဓာတ်လှေကားရှေ့အရောက်၊ ဓာတ်လှေကားသည်းအပွင့် အံကိုက်ပင်ဖြစ်သည်။

(၅)လွှာသို့ နှိပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com


ခတ်လှေကားထဲတွင် သူမတို့နှစ်ဦးသာရှိသည်။

တစ်ထပ်

နှစ်ထပ်

သုံးထပ်

ခတ်လှေကားသည် ပုံမှန်တက်သွား၏။

လေးထပ်

ငါးထပ်

ခတ်လှေကား ရပ်သွားသည်။ တံခါးပွင့်သွား၏။

ခတ်လှေကားမှ သူမတို့အထွက်တွင်

"ဟင်. . . ကံသာ"

နေခြည်က ကံသာကို အရင်မြင်သည်။ ကံသာသည် ခတ်လှေကားစီးရန် စောင့်နေခြင်းဖြစ်သည်။

"အဲ. . . နေခြည်နဲ့ ယမင်း"

ကံသာမှာ မျက်စိမျက်နှာပျက်သလိုလို ဘာလိုလိုဖြစ်သွားသည်။

"ဘာလာလုပ်တာလဲ"

ယမင်းက မေးသည်။

"ဟို. . . အသိတစ်ယောက် ဆေးရုံတက်လို့ လာ. . . လာကြည့်တာပါ"

စကားတွေ ထစ်ငေါ့နေသည်။

ယမင်းနှင့် နေခြည်မှာ ပြုံးရုံသာ ပြုံးလိုက်သည်။

"သွား. . . သွားလိုက်ဦးမယ်နော်"

ကံသာက နှုတ်ဆက်ပြီး ခတ်လှေကားထဲ အလျင်အမြန်ဝင်သွားသည်။

www.burmeseclassic.com

ww.burmeseclassic.com



နေခြည်နှင့် ယမင်းမှာ ဘာမှမပြောတော့ဘဲ အခန်း506 ကို ရှာလိုက်၏။

"ဟော. . . ဟိုမှာ"

ဒီတစ်ခါတော့ ယမင်းက မြင်သည်။

သူမတို့နှစ်ယောက် အခန်းထဲသို့ ဝင်သောအခါတွင် ကြည်ဖြူက ပန်းစည်းတစ်စည်းကို ငေးစိုက်ကြည့်နေ၏။

ကြည်ဖြူက သူမတို့ကို မြင်သွားပြီး

"နင်တို့ အခုမှလာတာလား"

ကြည်ဖြူရဲ့အမေးကို သူမတို့ နားမလည်သောကြောင့်

"ဘာဖြစ်လို့လဲ ကြည်ဖြူ"

"ငါက အခုမှ အိပ်ယာနိုးတာ၊ အဲဒါနဲ့ ဒီပန်းစည်းကြီးကို ငါ့ဘေးနားမှာ တွေ့တာပဲ၊ နင်တို့များ ခုနကလာထားသွားပြီး ငါအိပ်နေလို့ အပြင်ခဏထွက်သွားတာလားလို့ မေးကြည့်တာပါ"

"မဟုတ်ပါဘူးဟယ်၊ ငါတို့က အခုမှရောက်လာတာပါ၊ ရော့ ဒီမှာ နင့်အတွက် မုန့်တွေ"

နေခြည်နှင့် ယမင်းက သူမတို့ ယူလာသော မုန့်တွေကို ကုတင်ဘေးရှိ ဘီရိုအသေးလေးပေါ်တင်လိုက်သည်။

"ဒါဆို ဒီပန်းတွေက ငါ့ကို ဘယ်သူလာပေးတာလဲ"

"ကြည်ဖြူ"

"ဘာလဲ"

"နင် ခေါင်းထိသွားသေးလား"

"ဘာဖြစ်လို့"

"ဩော်. . . ရူးနေပြီလားလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"နှင်နှော်"

ကြည်ဖြူက ယမင်းကို မျက်စောင်းထိုးသည်။

"ကဲ. . .အဲဒါတွေ အသာထားပါဦး၊ နှင်က ဘာကိုဝင်တိုက်ပြီး ဘာတွေဖြစ်တာလဲ"

"အေး ငါပြောပြရဦးမယ်၊ အဲဒီနေ့က မြို့ထဲမှာ ဈေးဝယ်နေတုန်း ငါ့နောက်က လူတစ်ယောက်လိုက်နေသလို ခံစားလာရတယ်"

"ဘယ်သူလဲဟဲ့"

"ငါဆက်ပြောပါ့မယ်။ နားထောင်ပါဦး။ အဲဒါနဲ့ ငါလည်း စောင့်ကြည့်လိုက်တာ ငါ့နောက်လိုက်နေတာ ယောကျ်ားလေးတစ်ယောက်ဟဲ့"

"နှင့်ကို ရည်းစားစကားပြောမလို့ ဖြစ်မှာပေါ့"

"မဟုတ်ဘူး။ သူက ငါ့ရဲ့အနောက်ခပ်ဝေးဝေးကနေပဲ လိုက်နေတာ"

"ဒါဆို နှင်သေချာမြင်လိုက်လား"

"မြင်လိုက်တယ်"

"ဘယ်သူလဲ"

"အင်း. . . ငါမြင်တော့ မြင်ဖူးတာပဲဟဲ့၊ ဘယ်သူလဲတော့ မသိဘူး"

"အဲ့ဒါနဲ့. . ."

"အဲ့ဒါနဲ့ ငါလည်း သူဘယ်သူလဲဆိုတာ စဉ်းစားပြီး ကားထွက်လိုက်တာ မျက်စိထဲမှာ ငါ့ကားရှေ့ တစ်ခုခုဖြတ်ပြေးသွားသလို ရိပ်ကနဲမြင်ပြီး ဘရိတ်စောင့်အုပ်လိုက်တာ ခေါင်းနဲ့ စီယာရင်နဲ့ စောင့်ပြီးမှေ့သွားတာပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရမယ်၊ ဒါနဲ့ ဆေးရုံက ဘယ်တော့ဆင်းရမလဲ"

"ဒီညနေ ဆင်းလို့ရပြီတဲ့"

"ကြော်"

ထို့နောက်–

ကြည်ဖြူမှာ ရုတ်တရက် တစ်ခုခုသတိရသွားပြီး

"ဟဲ့. . . ဒါနဲ့ ဒီနေ့ ဘယ်နှစ်ရက်လဲ"

"ဖေဖော်ဝါရီလ (၂၇)ရက်"

ဟု နေခြည်က ပြန်ပြောသည်။

"ဟိုက်စွရော၊ နင်တို့ စဉ်းစားပြီးသွားပြီလား"

ကြည်ဖြူ၏အမေးကို ယမင်းနှင့် နေခြည်က ခေါင်းခါပြသည်။

"အခုလေးတင် ကံသာနဲ့တောင် တွေ့ခဲ့သေးတယ်"

"ဘယ်မှာလဲ"

"ဓာတ်လှေကားနားမှာ"

"ဟင် . . . သူက ဒီကို ဘာလာလုပ်တာလဲ"

"သူ့အသိဆေးရုံတင်ထားရလို့တဲ့"

ထိုစဉ် . . . နေခြည်က

"ငါသိပြီ"

"ဘာလဲဟဲ့ နင်ကလည်း အလန့်တကြား"

"ကံသာက နင့်ဆီလာပြီး ဒီပန်းစည်းလာပေးတာလား မသိဘူး"

"ဘာ. . . ဘယ်လို"

"ဒီလိုလေ၊ နင်က အခုမှအိပ်ယာထတာ မှတ်လား"

"အင်းလေ"

"ဒီတော့ ကံသာနဲ့ ငါတို့တွေ့တာလည်း သိပ်မကြာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကံသာက ဒီပန်းစည်းလာပေးပြီး ထွက်သွားတာရော မဖြစ်နိုင်ဘူးလား"

ဘယ်သူမှ ဟုတ်တယ် မဟုတ်ဘူး မငြင်းကြ. . .။

ကြည်ဖြူက ပန်းစည်းလေးကိုကြည့်လိုက်သည်။ ပန်းစည်းသည် အနီရင့်ရင့်ဖြစ်ပြီး တောက်ပစွာ လှပနေ၏။ ယမင်းကတော့ သစ်သီးအချို့ခွာနေသည်။

နေခြည်က ဘာလိုလို ညာလိုလိုနှင့် အိပ်ယာခေါက်နေလေသည်။

ဤတွင် –

ကြည်ဖြူက ပန်းစည်းကိုကြည့်နေရင်းမှ အခန်းအပြင်ကို အမှတ်တမဲ့ကြည့်လိုက်မိသည်။

"ဟင်"

ဟိုတစ်နေ့က သူမနောက်ကို လိုက်သောသူအား တွေ့လိုက်ရသည်။

ထိုခဏလေးအတွင်းမှာပင် သူဘယ်သူလဲဆိုတာ သူမသိသွားပြီဖြစ်သည်။

■

www.burmeseclassic.com

ww.burmeseclassic.com

မသိခြင်းတွေများလွန်းလို့
မင်းကို မညှာမတာ
နာမည်ပေးမယ်
မင်းဟာ 'ပုဏ္ဏာမ'

မင်းခါးခါး
(သူငယ်ချင်းတစ်ယောက်၏ကဗျာများမှ)

www.burmeseclassic.com

ww.burmeseclassic.com

[၃၅]

ဖေဖော်ဝါရီလ (၂၈)ရက်နေ့ ။

ထူးထူးခြားခြား ထိုနေ့က သူမတို့သုံးယောက်လုံး ကျောင်း မတက်ပါ။

ဘာဖြစ်လို့လဲ သေသေချာချာမသိပါ။

သေချာတာ တစ်ခုတော့ရှိပါသည်။

သူတို့ မနက်ဖြန်ကျောင်းတက်မည်ဆိုတာပင်။

မနက်ဖြန်သည် ပဉ္စလက်ဆန်ချင် ဆန်နေနိုင်ပါသည်။

ဒါမှမဟုတ်

တိတ်တိတ်ကလေး ကုန်ဆုံးသွားနိုင်ပါသည်။

www.burmeseclassic.com

ww.burmeseclassic.com

[၃၆]

ဖေဖော်ဝါရီလ (၂၉)ရက်. . .

ယနေ့သည် သူတို့အတွက် တော်တော်ဂွတီးဂွကျနိုင်သော နေ့တစ်နေ့ဖြစ်သည်။

ရယ်စရာလည်း ကောင်းပါသည်။

မိန်းကလေးက စပြောရမည်တဲ့။

ထုံးစံအတိုင်း ကင်တင်းမှာ သူမတို့ဆုံမိတော့ နေခြည်ရောက်မလာသေးချေ။

"နေခြည် မလာဘူးလား မသိဘူး"

ဟု ကြည်ဖြူကမေးသည်။

"လာမှာပါ. . . ဒီနေ့က ဇါတို့ရဲ့ ဆုံးဖြတ်ရမယ့်နေ့ပဲ"

ယမင်းက အဝေးကို ငေးနေရင်းမှ ပြန်ဖြေသည်။

ခဏကြာတော့ နေခြည်က အထုပ်တစ်ထုပ်ကိုင်ပြီး ရောက်လာသည်။

"ဘာဖြစ်လို့ နောက်ကျနေတာလဲ"

"ဟို. . . ကံသာ့အတွက် ပစ္စည်းကျန်ခဲ့လို့ နောက်တစ်ခေါက်ပြန်ယူနေလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ကံသာ့အတွက်"

တစ်မျိုးတမည်ဆန်သော အံ့ကြည့်တွေက နေခြည့်ပေါ်ကို ရောက်သွားသည်။

"နင်. . . နင်က ကံသာ့ကို"

နေခြည်မှာ ပျာပျာသလဲဖြစ်သွားပြီး

"မ. . . မဟုတ်ဘူး၊ ဟိုတစ်နေ့က သူ့အင်္ကျီအတွက် ငါက ပုံစံတူ တစ်ထည်ပြန်ဝယ်ပေးထားတာပါ။ အဲဒါ . . . အဲ့ဒါကို ပြောတာ"

သူ့အင်္ကျီများ ဟင်းတစ်ချို့ပေကျန်၍ ကံသာဝင်ကူညီခဲ့သည့် အကြောင်းကို ရည်ညွှန်းပြီးပြောလိုက်ရသည်။

ထိုအခါမှ သူမတို့ နားလည်သွားပြီး. . .

"မသိပါဘူး၊ နင်ပဲ ငါတို့ကို အဆုံးအဖြတ်ပေးတော့မယ် ထင်လို့"

ဟု ကြည်ဖြူက ပြန်ပြောသည်။

ထို့နောက် သူမတို့သုံးယောက်မှာ တစ်ယောက်ယောက်က စပြီး စကားမပြောလို၍ (သို့) ဘာပြောရမှန်း မသိ၍ဟူသော ပုံစံမျိုးဖြင့် ငြိမ်သက်သွားသည်။

ထမင်းစားချိန်ဖြစ်သောကြောင့် ကင်တင်းမှာ လူနည်းနည်း စည်နေသည်။

တစ်ယောက်နဲ့ တစ်ယောက် နောက်ပြောင်သံတွေ အချို့။

ဂစ်တာတီးသံအချို့နှင့် အတွဲကိုယ်စီ၊ သူငယ်ချင်းကိုယ်စီတို့ ဖြာ သဘာဝအတိုင်းလှုပ်ရှားနေသည်။

သဘာဝမဆန်သူဆို၍ သူမတို့ သုံးဦးသာရှိသည်ဟု ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



နာရီကို ကြည်ဖြူက တစ်ချက်ကြည့်လိုက်သည်။

မပြောမဖြစ်ပြောရတော့မည်ဟု ဆုံးဖြတ်လိုက်ပြီး

"ကဲ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ဟု စတင်မေးလိုက်သည်။ နေခြည်က

"ကြည်ဖြူ နင်က အဲဒီလိုမေးပြီဆိုတော့ ငါတစ်ခုတော့ မေးချင်တယ်။ ငါတို့ အခုချိန်မှာ အချစ်အဖွဲ့ကို တကယ်ရောတွေ့ချင်ကြသေးရဲ့လား"

မထင်မှတ်သော မေးခွန်းဖြစ်ပါသည်။

အားလုံးကို တွေဝေသွားစေနိုင်သော မေးခွန်းလည်းဖြစ်သည်။ နေခြည်ကပဲ ဆက်ပြောသည်။

"အကယ်၍များ ငါတို့တွေဟာ အချစ်အဖွဲ့ကို အရမ်းတွေ့ချင်တယ်ဆိုရင်တော့ ငါတို့ထဲက တစ်ယောက်ယောက်က (သို့) သုံးယောက်စလုံးက ကံသာကို ရည်းစားစကားပြောရတော့မယ်။ အဲ. . . မတွေ့ချင်ဘူးဆိုရင်တော့ ကံသာကို ဒုက္ခမပေးတာပဲ ကောင်းပါတယ်"

ပြန်လည်တိတ်ဆိတ်သွားသည်။

တစ်ဦးတစ်ယောက်ဆီမှ တစ်စုံတစ်ခုပြန်ဖြေသံ မကြားရ။

"အကယ်၍များ ကံသာကို ငါတို့က ရည်းစားစကားပြောလိုက်လို့ ကံသာက ငါတို့ထဲက တစ်ယောက်ကို ရွေးချယ်လိုက်လို့ရှိရင် ငါတို့ထဲက တစ်ယောက်ယောက်ဟာ ကံသာနဲ့ ရည်းစားဖြစ်ရတော့မယ်။ အဲဒီလိုမှ မဟုတ်ပဲ၊ ငါတို့က ရည်းစားစကားပဲ ပြောမယ်၊ ရည်းစားဖြစ်ခွင့်တော့မရှိဘူးဆိုရင် တစ်ကျောင်းလုံးက ငါတို့ကို ကဲ့ရဲ့လိမ့်မယ်။ ဒီမိန်းမတွေဟာ ဘယ်လိုမိန်းမတွေလဲဆိုပြီးတော့ပေါ့"

သက်ပြင်းချသံ အချို့ကြားရသည်။ ကြည်ဖြူက–

www.burmeseclassic.com

ww.burmeseclassic.com


"နင်ပြောတာလည်း ဟုတ်ပါတယ် နေခြည်၊ အစတုန်းကတော့ ငါတို့တွေဟာ ကံသာကို ပစ်မှတ်ထားခြင်းအားဖြင့် အချစ်အဖွဲ့ကို တွေ့ရလိမ့်မယ်လို့ ထင်ခဲ့မိတယ်။ ဒါပေမဲ့ သူတို့တွေက လှလှပပရှောင်တိမ်းသွားခဲ့တယ်။ နောက်ဆုံးငါတို့ တောင်းဆိုထားတဲ့ အခြေအနေကိုတောင် ဘေးကျပ်နံကျပ်ဖြစ်အောင် လုပ်သွားနိုင်တယ်"

ထိုအချိန်ထိ ယမင်းမှာ ဘာမှဝင်မပြောဘဲ ဝေးသို့သာငေးနေသည်။

"ဒီတော့ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

ကြည်ဖြူက နောက်ဆုံးစကားဆိုသည်။

ဤတွင် နေခြည်က မတ်တပ်ထရပ်လိုက်သည်။

ကျန်နှစ်ယောက် သူမကိုကြည့်လိုက်၏။

"ငါကတော့ အချစ်အဖွဲ့ကို သိချင်တဲ့အထဲကနေ နှုတ်ထွက်ပါတယ်"

ဘယ်သူမှ ဘာမှပြန်မပြော။ နေခြည်ကပဲ ဆက်ပြောသည်။

"ပြီးတော့ ငါပြောဖို့ တစ်ခုကျန်သေးတယ်။ အခု ငါ့ရဲ့အဘိုးက အသည်းအသန်ဖြစ်နေတော့ သူ မသေခင်မှာ သူသဘောတူတဲ့ ယောကျ်ားနဲ့ ငါယူရတော့မယ်။ အဲဒါကြောင့် ငါဒီကိစ္စကနေ နှုတ်ထွက်တာပါ"

သူမတို့ သုံးယောက်ကြားတွင် မသိခြင်းတစ်ခုက တည်ရှိနေသည်ဟု ထင်မိသည်။

ဘာလဲဟု သေချာမသိ။

ထိုစဉ်-

ကြည်ဖြူလည်း နေခြည့်နည်းတူ မတ်တပ်ရပ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်းပဲ ဒီကိစ္စကနေ နှုတ်ထွက်ပါတယ်"

နင်က ဘာဖြစ်လို့လဲဟု တစ်ယောက်မှ မမေးမိကြ။

ကြည်ဖြူဆက်ပြောမှာကိုပဲ အားလုံးက စောင့်နေကြသည်။ ကြည်ဖြူကလည်း သူ့စကားကို သူဆက်သည်။

"ငါ အခု ငါ့ကို အရမ်းချစ်တဲ့ကောင်လေးတစ်ယောက်နဲ့ တွေ့ရတယ်"

"ဘယ်တုန်းကလဲ"

နေခြည်က ဝင်မေးသည်။

"ငါတောင်မှ သတိထားမိတာ သိပ်မကြာသေးဘူး။ သတိလစ်သွားတဲ့ နေ့လောက်ကဆိုပါတော့။ ပြီးတော့ ငါလည်း သူ့ကို အရမ်းချစ်သွားတယ်"

"သူက ဘယ်သူလဲ"

"နင်တို့ကို ပြောပြဖူးမလားတော့ မသိဘူး။ အချစ်အဖွဲ့က ငါ့ဆီက စာအုပ်ကို လာယူတဲ့နေ့တုန်းက အခန်းထဲမှာ မီးတွေလင်း၊ အသံတွေ ထွက်တယ်ဆိုတာလေ"

"အင်း. . . ပြောဖူးတယ်လေ"

"အဲဒီတုန်းက ဘလက်ဘုတ်ကို တက်ကြည့်တဲ့ကောင်လေး ပါ။ သူ့နာမည်က သူရိန်ခတဲ့။ သူက ငါ့ကို မနေ့ကပဲ ချစ်ရေးဆိုခဲ့တယ်။ ငါကလည်း သူ့ရဲ့အချစ်ကို လက်ခံဖို့ စဉ်းစားထားတယ်"

တစ်စတစ်စနှင့် မသိခြင်းတွေသည် သိခြင်းသို့ ရောက်သလို ခံစားရသည်။

ထို့နောက် ကြည်ဖြူနှင့် နေခြည်တို့ရဲ့အကြည့်တွေက ယမင်း ပေါ်ရောက်သွားသည်။ ယမင်းက ခေါင်းငုံ့လျက်။

www.burmeseclassic.com

www.burmeseclassic.com



"ယမင်း"

ဟု နေခြည်က ခေါ်လိုက်သည်။

နင်ဘာယ်လိုလုပ်မလဲဆိုသည့် အဓိပ္ပာယ်ရသော အခေါ်မျိုးဖြစ်သည်။

ယမင်းညှို့က ခေါင်းငုံ့ထားရာမှ နေခြည်နှင့် ကြည်ဖြူတို့အား မော့ကြည့်သည်။

ထို့နောက်–

"ငါ ဒီခုံမှာ နေခဲ့ဦးမယ်"

အဓိပ္ပာယ်အမျိုးမျိုးတွေးနိုင်သော စကားဖြစ်ပါသည်။

သို့သော သူမတို့က ဘာမှမမေးတော့ဘဲ. . .

"ကောင်းပြီလေ. . . ဒါဆို ငါတို့သွားလိုက်ဦးမယ်၊ ကံသာကိုတွေ့ရင် ဒီအင်္ကျီလေးပေး,ပေးပါ"

"အင်း"

နေခြည်က အင်္ကျီအိတ်ကို လှမ်းပေး၏။

ထို့နောက် ကင်တင်းထဲမှ ကြည်ဖြူနှင့် နေခြည်တို့ ထွက်လာခဲ့သည်။

ခုံမှာ ယမင်းညှို့တစ်ယောက်တည်း ကျန်ခဲ့၏။

တိတ်ဆိတ်မှုက သူမတစ်ယောက်တည်းကို လွှမ်းခြုံထားသည်။

အရာရာအားလုံးသည် အခုအချိန်မှာ ရှင်းလင်းသွားပြီဖြစ်သည်။

သူမရင်ထဲမှာလည်း အရာရာအားလုံးသည် ဟင်းလင်းပြင်ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမရော ဘာဆက်လုပ်မလဲ၊ အချစ်အဖွဲ့ပြောတဲ့အတိုင်းပဲ လုပ်မလား. . .။

ဒါမှမဟုတ်. . .

သူမ ခေါင်းရမ်းလိုက်မိသည်။

သူမ၏ စိတ်တွေ ရှုပ်ထွေးနေ၏။

ထိုစဉ်–

လွန်စွာငြိမ့်ညောင်းသောဂီတသံနှင့်အတူ လွန်စွာအေးမြသော သီချင်းသံက သူမ၏အာရုံတစ်ခုလုံးကို ဆွဲငင်ယူသွားသည်။

သီချင်းသံ။

သူမ ကြားဖူးသော သီချင်းသံ။ ဘယ်မှာကြားဖူးတာပါလိမ့်။

ဟုတ်တယ်။ ဖယ်ရီပျက်တုန်းက နားထောင်ဖူးတဲ့ သီချင်းသံပဲ။ ဒါဆို. . .။

အသံလာရာသို့ လှည့်ကြည့်ရန် ပြင်လိုက်စဉ်တွင် သူမရှေ့သို့ လူတစ်ယောက်ရောက်လာ၏။

"ကျွန်တော်ကို ခဏထိုင်ခွင့်ပြုပါလား"

"ဟင်. . . ကံသာ"

ကံသာမှာ သူမအဖြေကို စောင့်မနေတော့ဘဲ၊ သူမ ရှေ့က ခုံတွင် ဝင်ထိုင်လိုက်၏။

ထို့နောက် သူမရှေ့သို့ လက်ကိုင်ပဝါလေးတစ်ခုထိုးပေး၏။

ထိုလက်ကိုင်ပဝါလေးပေါ်တွင် နှုတ်ခမ်းနီရာတစ်ခုနှင့် HELLO ဟူသော စာတမ်းလေးတစ်ခုပါ၏။ ကံသာက သူမကို. . .

" HELLO "

ဟု စတင်နှုတ်ဆက်၏။

www.burmeseclassic.com

ww.burmeseclassic.com



ထို့နောက် တစ်ဆက်တည်းပင်

"ယမင်းညို့ကို ကျွန်တော်ချစ်တယ်"

"ရှင်"

ယမင်းမှာ ကံသာကို အလန့်တကြားကြည့်မိသည်။

မျက်ဝန်းတွေ တစ်ခုနှင့်တစ်ခုဆုံမိသွားသည်။

ကံသာက. . .

"ယမင်းဟာ ကျွန်တော့်ရဲ့မျက်ဝန်းလေးပါပဲ"

"အို"

ယမင်းမှာ ခေါင်းငုံ့ထားလိုက်မိ၏။

သူမရှက်နေတာလား။ ဒါမှမဟုတ်. .

နေသည် နေဖြစ်သည်။ ညသည် ညဖြစ်သည်ဆိုသည့် စကားအား စကားလုံးတစ်ခုထပ်တိုးချင်ပါသည်။

အချစ်သည် အချစ်ဖြစ်၏။

■

www.burmeseclassic.com

ww.burmeseclassic.com

နောက်(၄)နှစ်ကြာသောအခါ . . .

www.burmeseclassic.com

ww.burmeseclassic.com

# [၃၇]

ကင်းတင်းတစ်ခုထဲသို့ ကောင်လေးတစ်ယောက်နှင့် ကောင်မလေးတစ်ယောက်တို့ လက်ချင်းချိတ်ကာ ဝင်လာ၏။

သူတို့ ပုံစံကြည့်ရသည်မှာ ကျောင်းသား၊ ကျောင်းသူများမဟုတ်ဘဲ ကျောင်းထဲသို့ အပြင်မှလာလည်သော ကျောင်းသားဟောင်းများဖြစ်ပုံရသည်။

"ယမင်း ဘာစားမလဲ"

"ထမင်းကြော်"

ကောင်လေးက ကောင်မလေးအား ထမင်းကြော်တစ်ပွဲမှာပေးသည်။

သူကတော့ အအေးတစ်ပုလင်းမှာလိုက်၏။

ထိုစဉ်–

သူတို့ နောက်ဘက်မှ ကျောင်းသူလေးအချို့၏ စကားပြောသံကို ကြားလိုက်ရသည်။

"အဲ့ဒီအချစ်အဖွဲ့မှာ ဘယ်သူတွေပါလဲဆိုတာ သိချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"သူတို့က အရမ်းတော်တယ်ဟာ၊ သူတို့ကို သိဖို့ဆိုတာလွယ်တာမဟုတ်ဘူး"

"နင်ကလည်း ဘာပဲပြောပြော နည်းလမ်းတော့ရှိရမှာပေါ့ဟယ်၊ ငါကတော့ ကြိုးစားကြည့်ချင်သေးတယ်"

ကောင်မလေးတွေ စကားကြောင့် ခုနကကောင်လေးသည် သူ့ကောင်မလေးအား ကြည့်လိုက်သည်။

ကောင်မလေးကလည်း ကောင်လေးအား ပြန်ပြုံးပြ၏။

"အခုတောင်မှ ငါ့နာမည်နဲ့ စာတိုက်ပုံးက ဘောလုံးကွင်းဘေးလမ်းမှာ ရောက်နေပြီ"

"ဒီတော့"

"ဒီတော့၊ သူတို့ ဘယ်သူလဲဆိုတာ ငါသိချင်တာပေါ့"

"ဒါဆို ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"ငါ့မှာ အကြံတစ်ခုရှိတယ်"

နောက်ထပ်ဆက်ပြောသံတွေအား မကြားရတော့. . .။

ကောင်လေးက ကောင်မလေးအား 'သွားရအောင်'ဟု ဆိုသည်။

ထို့နောက်–

ကောင်လေးနှင့် ကောင်မလေးတို့သည် လက်ချင်းချိတ်ကာ ကင်တင်းထဲမှ ပြန်ထွက်သွားကြ၏။

■

www.burmeseclassic.com

ww.burmeseclassic.com

တစ်ခါတုန်းက တက္ကသိုလ်တစ်ခုမှာ
အချစ်နဲ့ ပတ်သက်တဲ့ကိစ္စတွေကို
ဝန်ဆောင်မှုပေးတဲ့ အချစ်အဖွဲ့တစ်ဖွဲ့
ရှိခဲ့ဖူးပါတယ်....

www.burmeseclassic.com

ww.burmeseclassic.com

အချိန်ကြာလာသည့်တိုင်
သူတို့အဖွဲ့ရဲ့ ကိစ္စများသည်
ပြောင်းလဲသွားခြင်းမရှိ
ဆန်းသစ်နေဆဲဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

ယခုလည်း.....

သူ့နည်းသူ့ဟန်နဲ့  ရှိနေဆဲပါ။

www.burmeseclassic.com

ww.burmeseclassic.com

သေချာတာကတော့ သူတို့တွေကို
ဘယ်သူမှ မသိသေးတာပါပဲ။

ဂျူးနေ

www.burmeseclassic.com

www.burmeseclassic.com

အချစ်အဖွဲ့က လူတွေဟာ
အကြောင်းမဲ့သိကျသက်တော့
အချစ်ဝန်ဆောင်မှုတွေ မလုပ်ကြပါဘူး။
သူတို့မှာ သူတို့အကြောင်းလေးတွေတော့ ရှိရမယ်
ထို့ကြောင့် ...
သူတို့ရဲ့ အကြောင်းအရာလေးတွေကို ဖော်ပြထားသော

# လူငွေ

---

## လူသုံးယောက်မှတ်တမ်း

### (အချစ်အဖွဲ့ဖြစ်ပေါ်လာပုံ)

စတုတ္ထမြောက်လုံးချင်းဝတ္ထုသစ်

ရွှေအိမ်မှူးစာပေ

www.burmeseclassic.com